ပြ

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလဆန်း ၅ရက်၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၄၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဒသမအစည်းအဝေးကို ယမန်နေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ စတင်ကျင်းပရာ သဘာပတိဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဣန္ဒသိရီက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

(ဆရာတော်၏အစည်းအဝေးဖွင့်သာရဏီယဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)

တင်သွင်းလျှောက်ထား

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသံဝရက တင်သွင်းလျှောက်ထားပြီး ဆောင်ရွက်ချက် အစီရင်ခံစာများကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြကာ ပထမနေ့အစည်းအဝေးကို ခေတ္တရပ်နားသည်။

စာမျက်နှာ ၃ ကော်လံ ၅ ■

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးတို့ လိုက်ပါလျက် ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ရှိ ပန်းတိုင်ရေထိန်းတံခါးကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက နွေစပါးစိုက်ပျိုးရန်အတွက် စိုက်ပျိုးရေပေးဝေမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

စတင်ဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရေထိန်းတံခါးအသစ် တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက တာဝန်ရှိသူများအား ရေထိန်းတံခါးအသစ် တည်ဆောက်ရေးအတွက် မြေတိုင်းတာမှုလုပ်ငန်းများ စတင်ဆောင်ရွက်ရန် မှာကြားသည်။

ထို့မှတစ်ဆင့် ထန်းတပင်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်အကြား မိုင်တိုင်အမှတ်(၆/၄)သို့ ရောက်ရှိကြပြီး ထန်းတပင်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့၌ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန် မြစိမ်းရောင်ချောင်းအား တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ○



တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင်ဆည် ရေပေးမြောင်း အလျားခြောက်မိုင်ကျော်ဖြင့် လယ်မြေများသို့ ဆည်ရေ ပေးဝေလျက်ရှိသည်။
ဓာတ်ပုံမှတ်တမ်း- အောင်သန်း(မင်္ဂလာတောင်ညွန့်)

ယခုနှစ် ငွေချည်(၆)ဝါများ ရောင်းချသလောက်ဝယ်ယူရန် စက်ဒိုင်များဖွင့်လှစ်မည်

နွားထိုးကြီး ဖေဖော်ဝါရီ ၁၆

နွားထိုးကြီးမြို့နယ် အထည်အလိပ်လုပ်ငန်း(ဝါဂွမ်းစက်ရုံ)က မြို့နယ်ထွက် ငွေချည်(၆) ဝါများကို စက်ဒိုင်ဖွင့်၍ ပြီးခဲ့သည့်နှစ် နိုဝင်ဘာ တတိယပတ်မှစ၍ ဝယ်ယူနေပြီဖြစ်သည်။

ရောင်းသလောက်ဝယ်မည်

ဝါတောင်သူများ ရောင်းချသလောက် အကန့်အသတ်မရှိ ဝယ်ယူမည်ဖြစ်ပြီး ခရိုင်နယ်လှည့်ဒိုင်များဖြင့်လည်း ကျေးရွာအရောက် ယခုနှစ် ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။

ယမန်နှစ်က နွားထိုးကြီးမြို့နယ်မှ ငွေချည်(၆) ဝါပိဿာကိုးသိန်းခန့် ဝယ်ယူရရှိပြီး ယခုနှစ် လည်း ငွေချည်(၆) စိုက်ဧက ၉၀၀၀ကျော် စိုက်ပျိုးထားသည်ဆို၏။ (ဝ၉၂)

တောင်တွင်းကြီး ကင်မွန်းတောင်ဆည်ရေဖြင့် ဒေသခံတောင်သူများ ဖွံ့ဖြိုးဝေစည်ခဲ့ပြီ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

"ကိုယ့်မျိုးကိုယ်ထား-မျိုးသန့်ပွား"။ "သက်လျှင် အထွက်ကောင်း၊ စပါးမျိုးသန့်၊ စိုက်ပျိုးပါ"။ "ဓာတ်မြေဩဇာများကို သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာများနှင့် ရော၍သုံးပါ"။ အောက်ခံ အစိမ်းရောင်အပေါ် ရွှေဝါရောင်စာလုံးဖြင့် ရေးသားစိုက်ထူထားသည့် စိုက်ပျိုးရေးဆိုင်ရာ သတိပေး၊ အသိပေးသည့် ဆိုင်းဘုတ်ငယ်လေးများကို လယ်ကန်သင်း စည်းရိုးပေါင်ပေါ်တွင် စိုက်ထူထားသည်ကို တွေ့လိုက်ရသည်။

စာမျက်နှာ ၈ ကော်လံ ၆ ❐

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း
အောင်သန်း (မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု
မိုးမိုးအောင် (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်)

နိုင်ငံအနှံ့ရှိ လမ်း၊ တံတားများ အကျိုးရှိရှိ အသုံးပြု ရေရှည်တည်တံ့ရေး ပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် အခြေခံအဆောက်အအုံများသည် ကဏ္ဍတစ်ရပ် ဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက ရေရှည်တွင် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ဘက်စုံကဏ္ဍစုံ၌ ဟန်ချက်ညီညီ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန် အကောင်အထည်ဖော်လျက်ရှိသည်။

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် မန္တလေး-စစ်ကိုင်း-ရွှေဘို-မြစ်ကြီးနားကားလမ်းပေါ်ရှိ သီရိမင်္ဂလာခုံးကျော်တံတားကို ဖေဖော်ဝါရီလ ၁၃ရက်နေ့က ဖွင့်လှစ်ခဲ့ရာ စစ်ကိုင်းတိုင်းအတွက် ၁၇စင်းမြောက် တံတားဖြစ်သည်။

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ခြင်းသည် ပြည်သူများ၏ လူမှုစီးပွားရေးမြင့်မားခြင်းနှင့် ချစ်ကြည်ရင်းနှီးမှုများကို တိုးတက် ဖြစ်ထွန်းစေသည်။ ထို့ကြောင့် နိုင်ငံတော်က ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့် မြို့ပြဆက်သွယ်သည့်လမ်း၊ ခရိုင်ချင်းဆက်လမ်း၊ ပြည်နယ်နှင့်တိုင်း ဆက်သွယ်သည့် လမ်းမကြီးများကို ဒေသအနှံ့ ကွန်ရက်သဖွယ် ဖောက်လုပ်ပေးခဲ့သည်။

လမ်းများအဆင့်မြှင့်တင်ပေးခြင်းများကိုလည်း ပြုလုပ်ပေးခဲ့ပြီး ၁၉၈၈ခုနှစ်က လမ်းမိုင် ၂၁၀၀၀ကျော်သာရှိခဲ့ရာမှ ယခုအခါ လမ်းမိုင်ပေါင်း ၄၁၇၀၀ကျော်ရှိလာခဲ့ပြီ ဖြစ်သည်။

ယခုကဲ့သို့ သီရိမင်္ဂလာခုံးကျော်တံတား တည်ဆောက်ပေးခဲ့သည့်အတွက် ရတနာပုံတံတားကြီးပေါ်မှ ဆင်းသက်လာသည့်ယာဉ်များသည် ရထားဖြတ်သန်းနေစဉ် စောင့်ဆိုင်းရန်မလိုတော့ဘဲ မုံရွာသို့လည်းကောင်း၊ ပခုက္ကူသို့လည်းကောင်း၊ ရွှေဘိုမှတစ်ဆင့် မြစ်ကြီးနားသို့လည်းကောင်း ခုံးကျော်တံတားမှနေ၍ သွားလာနိုင်သဖြင့် အချိန်ကုန်သက်သာပြီး အန္တရာယ်လည်းကင်းရှင်းစွာ သွားလာနိုင်ကြပြီဖြစ်သည်။

နိုင်ငံတကာတွင် ပြောင်းလဲတိုးတက်လာသော နည်းပညာသစ်များနှင့်အတူ သယ်ယူပို့ဆောင်ရေးအပိုင်း၌ ကဏ္ဍသစ်များ တိုးတက်ပြောင်းလဲခဲ့ရာ ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍ၌ ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်အဖြစ် လမ်း၊ တံတားများသည် ကုန်စည်ပို့ဆောင်ရေး၌ အဓိကအရေးပါလျက်ရှိသည်။

နိုင်ငံတော်မှ ပြည်သူများ၏လိုအပ်ချက်များကို ငွေကြေးအမြောက်အမြား အကုန်အကျခံကာ လမ်း၊ တံတားများကို ဖောက်လုပ်တည်ဆောက်ပေးခဲ့ရာ လမ်း၊ တံတားများ ရေရှည်တည်တံ့ရေးနှင့် အကျိုးရှိရှိ အသုံးပြုနိုင်ရေးအတွက် ဒေသခံပြည်သူများကလည်း နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၇-၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၇။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မေးမြန်းစူးစမ်း
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၂၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၉။ ကျန်းမာသုတ
- ၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ Mail Box
- ၆:၄၅ ၁၄။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၁၁)
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူမေတ္တာ** (အပိုင်း-၂၂)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ အိုင်စီတီသုတ
- ၂၁။ ရယ်ရွှင်စရာဟာသပဒေသာ **ကျွန်တော်ပြောချင်တဲ့ သူတို့အကြောင်း** အရိုင်း၊ စိုပြေ၊ ဆင်မ၊ ဗေဒါ၊ ဖိုးကျော်၊ မိုးယံဇွန်၊ ချစ်စု၊ အိဖြိုးချယ်ရီ၊ တက္ကသိုလ်ဂွမ်းပုံ၊ မျိုးမျိုးခိုင် ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၂၁)

ပခုက္ကူမြို့ အမှတ် (၁) မြို့မဈေးအတွင်း မီးသတိပြုရေး၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး၊ မီးဘေးလုံခြုံရေးအတွက် ဇန်နဝါရီ ၃၁ရက် နံနက်က မကွေးတိုင်း မီးသတ်ဦးစီးဌာနမှူး ဦးကြည်တိုးနှင့်အဖွဲ့၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်နှင့် ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းဝင်းထွန်းတို့အဖွဲ့က မီးသတ်ရေကန်နှင့် မီးသတ်ရေငုတ်များဆောင်ရွက်ထားရှိမှုအခြေအနေ၊ မီးငြိမ်းသတ်ရေးပစ္စည်းများဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်အသင်း (ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပုသိမ်အသင်း(ရန်ကုန်)၏ (၈၉)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် (၂၁/၄၃-စီ) တည်ရှိရာ ဇေယျဝတီတိုင်း ဓမ္မာရုံ၌ မတ် ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

သက်ကြီးပူဇော်ကန်တော့ခံနိုင်ရန်အတွက် အသက် (၇၅)နှစ်နှင့်အထက် အသင်းဝင် သက်ကြီးများသည် မှတ်ပုံတင်မိတ္တူနှင့် ပညာရည်ချွန်ဆုပေးပွဲ တက်ရောက်နိုင်ရန် အတွက် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာနှင့်အထက် အောင်မြင်ခဲ့သော အသင်းဝင်များ၏ သား၊ သမီးများသည် အမှတ်စာရင်းမိတ္တူ၊ ကျောင်းထောက်ခံချက်နှင့် ပူးတွဲ၍ ဖေဖော်ဝါရီ ၂၄ရက် နောက်ဆုံးထားပြီး အသင်းတိုက်သို့ စာရင်းပေးပို့ရမည် ဖြစ်သည်။

ဆက်သွယ်လျှောက်ထားနိုင်

အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် လျှောက်ထားလိုပါက ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉ -၈၆-၀၀၁၂၃၊ ဒုတိယဥက္ကဋ္ဌ ဦးဘအေး ဖုန်း-၆၆၁၆၈၅၊ ဦးသန်းအောင်လင်း ဖုန်း-၀၉-၅၀ -၀၃၇၀၉၊ ဦးမြင့်နိုင် ဖုန်း-၀၉-၅၁-၂၃၄၁၁၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀-၀၆၁၂၈၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဌေး ဖုန်း-၀၉ -၈၀-၂၀၅၀၄၊ ဒေါ်ခင်ဆွေ့ ဖုန်း-၂၂၆၇၇၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ တွဲဖက် ဘဏ္ဍာရေးမှူး ဦးသက်ဝင်း ဖုန်း-၀၉-၅၁-၅၀၁၀၀၊အသင်းတိုက် ဖုန်း-၀၁ -၃၇၉၂၅၈နှင့် အမှုဆောင်များထံ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

၁၉၉၄-၁၉၉၅ ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

၁၉၉၄-၁၉၉၅ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ၏ ပထမအကြိမ် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံညစာစားပွဲကို မတ် ၇ရက် (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းမကြီး ရွှေမာလာရိပ်မွန် Lion City Restaurant ၌ ကျင်းပမည်ဖြစ်သည်။

ဆရာကန်တော့ပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လိုသူများသည် ဦးသန့်ဇင် ဖုန်း-၀၉-၅၀-၁၁၉၅၉၊ ဦးနေလင်းအောင် ဖုန်း-၀၉-၅၀-၆၉၇၄၁၊ ဦးရဲနိုင် ဖုန်း-၀၉ -၅၁-၃၅၃၈၀၊ ဦးထွန်းဇော်သောင်း ဖုန်း-၀၉ -၅၀-၀၁၃၉၁၊ ဦးကိုကိုမောင် ဖုန်း - ၀၉ - ၅၀ - ၄၄၇၁၆၊ ဦးကျော်ကျော်အောင် ဖုန်း-၀၉-၈၇-၂၀၉၀၅၊ ဦးဝင်းခိုင် ဖုန်း-၀၉-၅၁-၆၁၈၈၀၊ ဒေါ်ဌေးဌေးအောင် ဖုန်း-၀၉-၅၀-၇၀၂၈၄၊ ဒေါ်ထားထားလွင် ဖုန်း-၀၉-၅၁-၁၀၂၂၇၊ ဒေါ်အေးသန္တာခိုင် ဖုန်း-၀၉-၅၀-၀၄၉၆၄၊ ဒေါ်ရင်ရင်ငြိမ်း ဖုန်း-၀၉-၅၀-၆၈၃၂၄နှင့် ဒေါ်စုလှိုင်ထွန်း ဖုန်း-၀၉-၅၁-၂၈၀၃၄တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လှိုင်(ရေကြောင်း) အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

လှိုင်(ရေကြောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဓနုဓမ္မာရုံ ကြားတောရ လမ်းမကြီး ဗဟန်းမြို့နယ် ရန်ကုန်မြို့ (ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ကြေးသွန်းဘုရားကြီးနှင့် မျက်နှာချင်းဆိုင်)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အသေးစိတ်သိလိုပါက ဦးအောင်ချိုမင်း ဖုန်း-၀၉-၈၀-၃၄၆၈၆၊ ဒေါ်ခင်မမချို ဖုန်း- ၀၉-၉၉-၇၃၇၄၆၊ ဒေါ်အိအိသန့် ဖုန်း- ၀၉-၅၁-၃၀၁၉၆၊ ဦးဖုန်းမော် ဖုန်း- ၂၄၉၇၄၉၊ ဦးဟန်ထွေးအောင် ဖုန်း- ၀၉-၅၁-၀၅၈၁၅၊ ဒေါ်ကေသီဦး ဖုန်း-၅၂၄၆၂၈၊ ဦးကျော်ရင် ဖုန်း- ၀၉-၈၆-၁၆၈၃၄၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၀-၄၅၆၉၁နှင့် ဦးအောင်နိုင် (ဗဟန်း) ဖုန်း- ၀၉-၅၀-၄၇၁၅၉ တို့သို့ ဆက်သွယ်မေးမြန်း လျှောက်ထားနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

ပုသိမ်မြို့ အမှတ်(၁၃)ရပ်ကွက်နှင့် ပျဉ်းကတိုးကုန်းကျေးရွာသို့ ဆက်သွယ်သည့် မြေသားလမ်းအား ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးဝင်းရာဇာထွန်းက စက်ယန္တရားဖြင့် လုပ်ငန်းဆောင်ရွက်ရာ ဖေဖော်ဝါရီ ၁၀ရက်က အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစတင့်ဝေတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

အလက(၉)အင်းစိန် မြတ်ဆရာပူဇော်ကန်တော့ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အလက(၉)အင်းစိန် (ယခင်)စိန့်ဂျော့ ၁၉၆၅မှ ၂၀၀၉ခုနှစ်အထိ အသက် (၆၀)ပြည့် အငြိမ်းစားယူသွားကြသော ဆရာ ဆရာမကြီးများအား ပဉ္စမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများ၏ ပြန်လည်တွေ့ဆုံပွဲကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့)တွင် အလက(၉)အင်းစိန်၌ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံ ဆရာ ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် လျှောက်ထားလိုသူများသည် ကျောင်းအုပ်ကြီး အလက(၉)အင်းစိန် ဖုန်း-၀၁-၆၄၀၁၆၉၊ ဦးခင်ချို ဖုန်း-၀၉-၅၁-၃၃၁၀၂၊ ဒေါ်အေးအေးချစ် ဖုန်း-၀၁-၆၅၂၂၂၈၊ ဒေါ်ညွန့်ညွန့်စိန် ဖုန်း-၀၁-၆၆၆၈၆၅၊ ဒေါက်တာအေးမိမိထွေး ဖုန်း-၀၉-၅၀-၄၉၅၇၈၊ ဒေါ်စီစီမာ ဖုန်း-၀၁-၆၄၃၈၇၉၊ ဦးစိုးမြင့် ဖုန်း-၀၉-၈၆-၈၅၆၁၃၊ ဦးကျော်လတ် ဖုန်း-၀၁- ၆၃၅၈၃၅၊ ဒေါ်မြင့်မြင့်အေး ဖုန်း-၀၉-၈၅-၈၃၁၈၆နှင့် ဒေါ်ဆွေဆွေဝင်း ဖုန်း-၀၉-၈၆-၁၁၀၁၈ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကျေးရွာစာကြည့်တိုက်များ ဆောက်လုပ်မှု ဖလမ်း၌ ညှိနှိုင်းဆွေးနွေး

ဖလမ်း ဖေဖော်ဝါရီ ၁၆

ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမန်းစိန်သည် ဟားခါးမြို့နယ်ဦးစီးမှူး ဦးရှိန်းတမ်လိုက်ပါလျက် ဇန်နဝါရီ ၁၄ရက်နှင့် ၁၆ရက်က ဟားခါးမြို့နယ် ချွမ်ကျုံး၊ဖလမ်းမြို့နယ် ရမ်ထလိုနှင့် လုံဖီးကျေးရွာစာကြည့်တိုက် အဆောက်အအုံဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းမီနှင့် မြန်ဆန်ပြီးစီးရေး လုပ်ငန်းလိုအပ်ချက်များကို ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် ညှိနှိုင်းဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

မီးမှန်သမျှ သုံးတတ်က မှချမီးဘေး စဉ်ကင်းဝေး

ယခုပေးပို့သောစာမျက်နှာကိုသာ အတည်ပြုပေးပါ။

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမ အစည်းအဝေးကျင်းပစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၌ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဗျတ္တပဋိဗလဖြစ်သော ဆရာတော်များ များစွာပါဝင်လာမှ တောင့်တင်းခိုင်မာအားရှိ သာသနာတော်ကိစ္စအဝဝ ဓမ္မဝိနယနှင့်အညီ အောင်မြင်စွာဆောင်ရွက်နိုင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ဒသမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်သည်-

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးသို့ သာသနာတော်အရေးကို အလေးဂရုပြုလျက် ကာယသာမဂ္ဂီ, စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော် အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့ အပ္ပါဗာဓ, အပ္ပါတင်္က, လဟုဋ္ဌာနဖြစ်၍ မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီး သန့်ရှင်း, တည်တံ့, ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်တော်မူနိုင်ကြပါစေဟု အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်ပါသည်ဘုရား။

အစားထိုးရွေးချယ်

ဆရာတော် အရှင်မြတ်တို့ဘုရား။ ဤအစည်းအဝေးသည် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယက(၄၇)ပါးစုံညီ ဒသမအစည်းအဝေးဖြစ်၍ ဆဋ္ဌအကြိမ် ခြောက်နှစ်သက်တမ်းအတွက် ပထမသုံးနှစ်ပြည့်မြောက်သည့် အစည်းအဝေးဖြစ်ပါသည်။ ဤအစည်းအဝေး၌ ဆဋ္ဌအကြိမ် ခြောက်နှစ်သက်တမ်းတွင် ဒုတိယသုံးနှစ် သက်တမ်းအတွက် ၂၅%(ရာခိုင်နှုန်း) အနားယူခြင်း၊ အစားထိုးရွေးချယ်ခြင်းများကို သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းများ လုပ်ငန်းစီမံချက် စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါသည် ဘုရား။

ထိုသို့ အစားထိုးရွေးချယ်ရာ၌ ပုဂ္ဂိုလ်စွဲ ဒေသစွဲမထားဘဲ ဘုရားတပည့်တော်တို့၏ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းရခြင်း၏ ဦးတည်ချက်(၃)ရပ်ဖြစ်သည့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများကို စိတ်ပါဝင်စား၍ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည့် ဗျတ္တပဋိဗလဖြစ်တော်မူကြသော ဆရာတော်များကိုသာ စိစိစစ်စစ် ရွေးချယ်တော်မူကြရန် အထူးလိုအပ်လှပါသည် ဘုရား။

များစွာပါဝင်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ သုံးနှစ်တစ်ကြိမ်၂၅%(ရာခိုင်နှုန်း) အနားယူတော်မူကြရာဝယ် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများကို စိတ်ပါဝင်စားစွာ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည့် သာသနာပြုစိတ်ဓာတ်ရှိတော်မူကြ၍ ဆောင်ရွက်နိုင်စွမ်းသော ကျန်းမာရေးနှင့်လည်းပြည့်စုံ၊ အသက်အရွယ်တော်လည်း အလွန်မကြီးကြသေးသော ဗျတ္တပဋိဗလဖြစ်သည့် ဆရာတော်များ များစွာပါဝင်သွားသဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးအတွက် ဆောင်ရွက်တော်မူကြရသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးမှာ အင်အားများ လျော့နည်းသွားပါသည် ဘုရား။

၂၅%(ရာခိုင်နှုန်း)စည်းမျဉ်းအရ အနားယူသွားကြသော ဆရာတော်များတွင် အသက်အရွယ်တော်လည်း အလွန်မကြီးသေး၊ ကျန်းမာရေးနှင့်လည်းပြည့်စုံ၍ သာသနာတော်အရေး အလေးပေးကာ ဆောင်ရွက်လိုသော ဆန္ဒရှိတော်မူကြသည့် ဆရာတော်များမှာ သာသနာတော်အရေးကိစ္စ ဆောင်ရွက်ခွင့်မရကြတော့သည့်အတွက် သာသနာတော်မှာ လွန်စွာဆုံးရှုံးမှုဖြစ်ရပါသည် ဘုရား။

တောင့်တင်းခိုင်မာ

အချို့အခြေခံဒေသမှ ဆရာတော်များသည် ခြောက်နှစ်သက်တမ်းကို သုံးနှစ်စီခွဲ၍ ကတိကဝတ်ဖြင့် ဝင်ရောက်ဆောင်ရွက်ကြပြီးလျှင် သုံးနှစ်ပြည့်သောအခါ အနားယူကြရပါသည်။ သုံးနှစ်ဟူသောကာလသည် များစွာကြာမြင့်လှသည်မဟုတ်ပါ။ သံဃာ့အဖွဲ့အစည်း စည်းမျဉ်းဥပဒေသ, လုပ်ထုံး လုပ်နည်းများကို နားလည်၍ ဆောင်ရွက်တတ်ရုံမျှဖြင့် နုတ်ထွက်ပေးလိုက်ရသဖြင့်လည်း သာသနာတော်အတွက် နစ်နာချက်တစ်ရပ်ပင်ဖြစ်ပါသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၌ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကိစ္စများကို ဓမ္မဝိနယနှင့်အညီ စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူကြမည့် ဗျတ္တပဋိဗလဖြစ်သော ဆရာတော်များ များစွာပါဝင်လာမှ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး တောင့်တင်းခိုင်မာအားရှိလာမည်ဖြစ်ပါသည်။ ဤသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး တောင့်တင်းခိုင်မာအားရှိလာ၍ သာသနာတော်ကိစ္စအဝဝတို့ကို ဓမ္မဝိနယနှင့်အညီ အောင်အောင်မြင်မြင် ဆောင်ရွက်တော်မူနိုင်ကြမှသာ တိုင်းရင်းသား ပြည်သူ ရှင်လူအများ၏ ယုံကြည်ကိုးစား အားထားမှုကိုရရှိ၍ တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ရခြင်း၏ ဦးတည်ချက်ဖြစ်သည့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဟူသော ရလဒ်များ ပေါ်ထွက်လာမည်ဖြစ်ပါသည် ဘုရား။

ယခုအခါ သာသနာတော်ကြီး၌ ထေရဝါဒပိဋကတ်တော်များနှင့် ဆန့်ကျင်သည့် အယူဝါဒများ များစွာပေါ်ပေါက်နေသည့်အတွက် မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီး နောင်ရေးမှာ ရင်လေးဖွယ်ကောင်းလှပါသည်။ သို့ဖြစ်၍ ထေရဝါဒ ပိဋကတ်တော်နှင့် ဆန့်ကျင်သော ထိုအယူဝါဒများကိုလည်း လျစ်လျူရှုတော်မမူကြဘဲ ညီညွတ်သော သံဃာအင်အားဖြင့် ပယ်ရှားသုတ်သင်တော်မူကြရန် အလေးပေးလျှောက်ထားပါသည် ဘုရား။

ပံ့ပိုးကူညီ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ အနားယူသွားကြသော ဆရာတော်အရှင်မြတ်များကလည်း သာသနာတော်မှာ ပေါ်ပေါက်နေသော ပြဿနာများကို ဖြေရှင်းရန်ကိစ္စသည် ငါတို့နှင့်မသက်ဆိုင်တော့ပြီဟု ကျောခိုင်းတော်မမူကြဘဲ မိမိတို့စွမ်းနိုင်ရာဘက်မှ ကိုယ်အားဉာဏ်အားဖြင့် ပံ့ပိုးကူညီလျက် ဆောင်ရွက်တော်မူကြရန် တောင်းပန်လျှောက်ထားပါသည် ဘုရား။

သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများကလည်း သံဃာတော်အရှင်မြတ်တို့ ထေရဝါဒပိဋကတ်တော်နှင့် ညီညွတ်သည် မညီညွတ်သည်တို့ကို ဆင်ခြင်သုံးသပ် ဆုံးဖြတ်အပ်ပြီးသော ဓမ္မစက်ကို အကောင်အထည်ပေါ်အောင် အာဏာစက်အကူအညီပေးရန်ကိစ္စသည် သာသနာပြုကိစ္စတစ်ခုပဲဟု နှလုံးသွင်းကာ ကူညီဆောင်ရွက်ကြရန် လေးလေးနက်နက် တိုက်တွန်းပါသည်။

ဤသို့ ဆရာ ဒကာညီညာစွာ လက်တွဲ၍ ဆောင်ရွက်သွားကြမှသာ ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် နတ်လူတို့၏ အားထားရာ သံသရာတစ်ဖက်ကမ်းသို့ တက်လှမ်းရာ ဆိပ်ကမ်းသာကြီး ဖြစ်နေမည်ဖြစ်ပါကြောင်းကို လေးလေးစားစား လျှောက်ထားပါသည်။ နိုင်ငံတော် သံဃမဟာနာယကဆရာတော် အရှင်မြတ်တို့ဘုရား။ ။

ဘဒ္ဒန္တကုမာရ
ဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

ဇန်နဝါရီ ၂၄ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် တာလေမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ရေပေးရေးအများသုံးရေကန် ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဦးကျော်ကျော်ဦးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



အထက (၆) ဗိုလ်တထောင် (ယခင်စိန်ပေါလ်) ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အထက(၆)ဗိုလ်တထောင်(ယခင်စိန်ပေါလ်ကျောင်း)တွင် ၁၉၆၅မှ ၂၀၀၉ခုနှစ်အထိ သုံးနှစ်ဆက်တိုက် ပညာသင်ကြားပေးခဲ့ပြီး သက်ပြည့် အငြိမ်းစားယူသွားသော ဆရာ ဆရာမများအား ကျောင်းသားဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၅ရက် (တောင်သူလယ်သမားနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း ဘတ်စကက်ဘောအားကစားရုံ၌ ကျင်းပမည်ဖြစ်ပြီး မြတ်ဆရာပူဇော်ပွဲအထိမ်းအမှတ် မိတ်ဆုံစားပွဲကိုလည်း ယင်းနေ့ညနေတွင် ကျင်းပရန် စီစဉ်ထားသည်။

မြတ်ဆရာပူဇော်ပွဲသို့ ဆရာကြီး ဆရာမကြီးများကိုယ်တိုင် အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသားဟောင်းများ (မည်သည့်နှစ်ကျောင်းသားမဆို) မပျက်မကွက် တက်ရောက်ကြည်ညိုကန်တော့ကြပါရန် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီက ဖိတ်ကြားထားပြီး အလှူငွေထည့်ဝင်လိုသူများသည် ဦးသိန်းဆွေ ဖုန်း-၂၄၁၂၂၄၊ ဦးမောင်မောင်အေး ဖုန်း - ၂၂၇၃၂၂၊ ဦးကျော်ဦးမြင့် ဖုန်း-၅၃၅၈၉၃၊ ၀၉-၈၀-၂၀၅၆၅၊ ဦးမင်းထွဋ် ဖုန်း-၀၉-၅၁-၃၈၀၉၅၊ ဦးသက်ချိုဦး ဖုန်း-၀၉-၅၀-၁၆၀၅၇၊ ဦးဝင်းလှိုင်ညွန့် ဖုန်း-၂၄၆၃၁၃၊ ဦးမြင့်ထွန်း(ကိုလတ်) ဖုန်း-၂၄၉၃၅၉၊ ၀၉-၅၁-၀၁၇၅၁၊ ဦးခင်မောင်သန်း ဖုန်း- ၂၅၄၇၅၀၊ ဦးတော်မိတင်ဦး ဖုန်း-၀၉-၅၁-၁၄၇၃၀၊ ကိုတေဇာအောင်လွင် ဖုန်း-၀၉-၅၁၃၃၃၇၁၊ ကိုမြတ်မင်းစိုး ဖုန်း-၅၄၅၃၂၇နှင့် ကိုအောင်မြတ်သူ ဖုန်း-၃၈၅၆၀၃တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

■ ရွှေဖုံးမှ

ဆွေးနွေးဆုံးဖြတ်

ယင်းနောက် မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဆရာတော်များက ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)က ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာ ဆောင်ရွက်ချက်များကို တင်ပြကြပြီး အဖွဲ့ဝင်ဆရာတော်များက တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ကြကာ ပထမနေ့အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပရာ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များနှင့် စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် ဘဒ္ဒန္တနန္ဒဝံသ (ဓမ္မာစရိယ)ကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဓမ္မာစရကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမကလည်းကောင်း အကြံပြု ဆွေးနွေးတော်မူကြသည်။

ဆုံးဖြတ်တော်မူ

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များက အကြံပြုတင်ပြလာသော ကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး အစီအစဉ်များကို အတည်ပြုချက်ရယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေး ဆုံးဖြတ်တော် မူကြသည်။ ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ရှင်းလင်းလျှောက်ထား

ယင်းနောက် သက်ဆိုင်ရာ ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ကြပြီး ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ (ပထမအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရက ပြန်လည်ရှင်းလင်း လျှောက်ထား၍ အတည်ပြုချက်ရယူတော်မူသည်။

အောင်မြင်စွာ

ထို့နောက် ဆဋ္ဌအကြိမ်၊ ဆဋ္ဌ (လေးလပတ်) နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများ ရွေးချယ်လျာထား အတည်ပြုပင့်ဆောင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ကြပြီး အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြကာ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက "ဇယန္တော ဗောဓိယာမူလေ" အစချီ အောင်ဂါထာ နှစ်ပိုဒ်ကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး အစည်းအဝေးကို သာဓုသုံးကြိမ် ခေါ်ဆို၍ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

အလှူရှင်

ယနေ့ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဒသမ အစည်းအဝေး ဒုတိယနေ့ ဆွမ်းအလှူရှင်မှာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(အငြိမ်းစား)နှင့် ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့် မိသားစုတို့ ဖြစ်သည် ။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြား

၁၇-၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်+ဝဋ္ဋသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**အမြတ်ဒါန ပြုတတ်ပါစေ** တရားတော် (ဆရာတော် ဘဒ္ဒန္တကောဏ္ဍည)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၄)
၈:၃၀	Sports World
၈:၄၅	Activities in the City [အထက(၄) ကြည့်မြင်တိုင်၏ အာစရိယပူဇော်ပွဲ]
၉:၀၀	နတ်လူသာဓုခေါ်စေသော သံဃာ့ဂုဏ်ရည် ကျောင်းအလှူတော်
၉:၁၀	ဗီဒီယိုပြခန်း
၉:၃၅	အားကစားမြင်ကွင်းစုံ (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဦးစိုးမိုးကျော်၊ ထွန်းနေစိုး)
၁၀:၂၀	ပိတုန်းရောင်ကေသာဦးအတွက်….
၁၀:၃၅	Industrial Talk
၁၁:၁၀	ပြန်လည်တမ်းတ သူ့ဘဝ အနုပညာအလှ(စာပေကဏ္ဍ)
၁၁:၄၅	Activities in the City -ဘူမိဗေဒ နှစ်(၃၀)ပြည့် ပုလဲရတု အာစရိယပူဇော်ပွဲ -Health Care Journal မိတ်ဆက်ပွဲ အခမ်းအနား
၁၂:၁၀	Vancouver 2010 Olympic Winter Games
၁:၀၀	**အမြတ်ဒါန ပြုတတ်ပါစေ** တရားတော် (ဆရာတော် ဘဒ္ဒန္တကောဏ္ဍည)
၂:၀၀	MRTV-4 သတင်း
၂:၄၅	စကားနပန်း (ယောက်ျားလေးတွေနဲ့ အရောဝင်တာကောင်းတယ်၊ ယောက်ျားလေးတွေနဲ့အရောမဝင်တာ ကောင်းတယ်)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၄)
၄:၀၅	နတ်လူသာဓုခေါ်စေသော သံဃာ့ဂုဏ်ရည် ကျောင်းအလှူတော်
၄:၂၅	Activities in the City [အထက(၄) ကြည့်မြင်တိုင်၏ အာစရိယ ဆရာပူဇော်ပွဲ]
၄:၄၅	ရွေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (NIEC International Learning Center)
၅:၀၀	ပြန်လည်တမ်းတ သူ့ဘဝ အနုပညာအလှ(စာပေကဏ္ဍ)
၅:၃၅	ဓာတ်ပုံထဲမှ အမှတ်တရများ (မိုးမိုး၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
၆:၀၀	MRTV -4 သတင်း
၆:၂၀	Vancouver 2010 Olympic Winter Games
၇:၁၅	ခေတ်ပြိုင်ဂီတ မှတ်တိုင်များ (ဝေမိုး)
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း (ယောက်ျားလေးတွေနဲ့ အရောဝင်တာကောင်းတယ်၊ ယောက်ျားလေးတွေနဲ့အရောမဝင်တာ ကောင်းတယ်)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၂၄)
၁၀:၀၀	ဓာတ်ပုံထဲမှ အမှတ်တရများ (မိုးမိုး၏ ဓာတ်ပုံထဲမှ အမှတ်တရများ)
၁၀:၂၅	ရွေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (NIEC International Learning Center)
၁၀:၄၀	ခေတ်ပြိုင်ဂီတ မှတ်တိုင်များ (ဝေမိုး)
၁၁:၁၅	Industrial Talk
၁၁:၄၀	ပုံဖော်ထုဆစ် အနုလက်ရာ ကျောက်စိမ်းပန်းပုရုပ်အသွင်မှာ
၁၁:၅၀	မိခင်လောင်းများအတွက် အာဟာရ(ဒေါက်တာလှကြည်)
၁၂:၀၅	သစ်ခွ
၁၂:၂၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၂:၂၅	Wigan- Bolton	StarSports(Live) MRTV-4(Live)

17-2 (03).pmd 1 2/17/2010, 1:59 AM

ကုန်စည်ပြပွဲ

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ရုပ်ရှင်ပွဲတော်နှင့် အတူ ကျင်းပသည့် ကုန်စည်ပြပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တာလီဘန်ထိပ်တန်းခေါင်းဆောင်တစ်ဦး ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ဖမ်းဆီးရမိ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၆

တာလီဘန်စစ်ဘက်ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သည့် မူလာအဗ္ဗဒူလ်ဂါနီဘာရာဒါအား ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ အမေရိကန်နှင့် ပါကစ္စတန်ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များက တိတ်တဆိတ်ဝင်ရောက်စီးနင်းဖမ်းဆီးလိုက်ကြောင်း နယူးယောက်တိုင်း(မ်)သတင်းစာက ဖေဖော်ဝါရီ ၁၅ရက်တွင် သတင်းဖော်ပြသည်။

ဖမ်းဆီးလိုက်

အဆိုပါ ပုဂ္ဂိုလ်သည် အာဖဂန်စစ်ပွဲ စတင်ခဲ့ပြီးနောက်ပိုင်း ပါကစ္စတန်၌ ဖမ်းဆီးရမိသည့် နာမည်အကြီးဆုံး တာလီဘန်ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း၊ ပါကစ္စတန်၌ ရက်အတန်ကြာ ခိုအောင်းနေစဉ် ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

ဘာရာဒါသည် တာလီဘန်ခေါင်းဆောင် မူလာမိုဟာမက်အိုမာ၏ နေရာကို ဆက်ခံမည့် ပုဂ္ဂိုလ်ဖြစ်လာနိုင်ကြောင်း ပါကစ္စတန်ထောက်လှမ်းရေးအရာရှိများက သုံးသပ်ထားသည်။

အမ်အင်န်အေ၊ ရိုက်တာ

အာဖဂန်တောင်ပိုင်း အမေရိကန်ထိုးစစ်ဆင် အရပ်သား ၁၂ ဦး သေဆုံးခဲ့ရ

ကဘူးလ် ဖေဖော်ဝါရီ ၁၆

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် စစ်သွေးကြွများချေမှုန်းရေး အမေရိကန်ဦးဆောင်သည့် အဓိကထိုးစစ်ကြောင့် အရပ်သား ၁၂ ဦးသေဆုံးသွားသည်။

ဝမ်းနည်း

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် စစ်ဆင်ရေးတစ်ခုပြုလုပ်စဉ်အတွင်း အရပ်ဘက်အိမ်တစ်လုံးကို ဒုံးကျည်ထိမှန်ရာမှ အရပ်သားများသေဆုံးမှုကို အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်း အကြီးအကျယ် ဝမ်းနည်းရကြောင်း အာဖဂန်သမ္မတရုံးက ဖေဖော်ဝါရီ ၁၄ရက်၌ ထုတ်ပြန်သည့်ကြေညာချက်၌ ဖော်ပြသည်။

ထိုးစစ်ဆင်

ယင်းဖြစ်ရပ်ကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် သမ္မတက အမိန့်ထုတ်ထားကြောင်းဖြင့်လည်း ကြေညာချက်တွင် ဖော်ပြထားသည်။ အင်အား ၁၅၀၀၀ခန့်ရှိသော အမေရိကန်၊ ဗြိတိန်နှင့် အာဖဂန်တပ်ဖွဲ့သည် တာလီဘန်တို့၏ အဓိကအခိုင်အမာ ခြေကုပ်စခန်းချထားရာ ဟယ်လ်မန့်ဒေသ မာဂျာမြို့ကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ထိုးစစ်ကြောင့် ဒဏ်ရာရရှိသူ အမြောက်အမြားရှိသည်ဟုလည်း သိရသည်။ **(အင်တာနက်)**

နှစ်ကူးမီးအိမ်ပြပွဲ

ဂျပန်နိုင်ငံ နာဂါဆာကီမြို့၌ကျင်းပသည့် တရုတ်နှစ်သစ်ကူးပွဲတော်တွင် ဆင်မြန်းထားသည့် မီးအိမ်ပြပွဲကို ဖေဖော်ဝါရီ ၁၅ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အီရန်၏နျူအစီအစဉ် ငြိမ်းချမ်းရေးသက်သက်ဖြစ် နိုင်ငံတကာမှယုံကြည်လာစေရန် ကူညီရေးမေတ္တာရပ်ခံ

တီဟီရန် ဖေဖော်ဝါရီ ၁၆

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်မှာ ငြိမ်းချမ်းရေးသက်သက်အတွက်သာဖြစ်ကြောင်း နိုင်ငံတကာ အသိုင်းအဝိုင်းက ယုံကြည်လာစေရန် ကူညီဆောင်ရွက်ပေးဖို့ အီရန်က မိတ်ဆွေဖက်နိုင်ငံများနှင့် အထူးသဖြင့် တူရကီနိုင်ငံတို့ကို တိုက်တွန်းလိုက်သည်။

အာမခံ

အီရန်နိုင်ငံ၏ နျူကလီးယားလုပ်ငန်းသည် ငြိမ်းချမ်းရေးအတွက်ဖြစ်ကြောင်း ထိုနိုင်ငံများက အာမခံပြောဆိုသင့်သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မက်မန်ပရက်က ဖေဖော်ဝါရီ ၁၃ရက်တွင် ပြောကြားသည်။

ကြေညာ

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်မှာအစဉ်သဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းအတွက်သာဖြစ်ကြောင်း ၄င်းက ထပ်လောင်းပြောကြားသည်။ အီရန်နိုင်ငံသည် နျူကလီးယား မပြန့်ပွားရေး စာချုပ်ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် နျူကလီးယား စွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုခွင့်ရှိသည်ဟု အီရန်က ကြေညာသည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ ဆာဖီဒေသရှိ စာသင်ကျောင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂျော်ဒန်ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဝင်ငွေ ဇန်နဝါရီလတွင် ၃၂ရာခိုင်နှုန်းကျော်မြင့်တက်

အမ္မန် ဖေဖော်ဝါရီ ၁၆

ယခုနှစ် ဇန်နဝါရီလတွင် ဂျော်ဒန်နိုင်ငံ၏ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဝင်ငွေသည် ယခင်နှစ် အလားတူကာလကဝင်ငွေနှင့် နှိုင်းယှဉ်ကြည့်လျှင် ၃၂ဒသမ ၂ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဂျော်ဒန်ဗဟိုဘဏ်(စီဘီဂျေ)မှ ဖေဖော်ဝါရီ ၁၅ရက်က ထုတ်ပြန်သည့် တရားဝင် စာရင်းဇယားများ၌ ဖော်ပြထားသည်။

ဖော်ပြထား

၂၀၁၀ခုနှစ် ဇန်နဝါရီလတွင် ဂျော်ဒန်နိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှရရှိသည့် ဝင်ငွေသည် ဂျော်ဒန်နိုင်ငံသုံး ဒီနာငွေ ၁၅၈သန်း (အမေရိကန်ဒေါ်လာ ၂၂၃သန်း) ခန့်ရှိကြောင်း၊ လွန်ခဲ့သည့် ၂၀၀၉ ခုနှစ် ဇန်နဝါရီလဝင်ငွေသည် ဂျော်ဒန်နိုင်ငံသုံး ဒီနာ ၁၁၉သန်းသာရှိခဲ့ကြောင်းဖြင့်လည်း အဆိုပါစာရင်းဇယားများ၌ ဖော်ပြထားသည်။

လာရောက်

၂၀၁၀ခုနှစ် ဇန်နဝါရီလတွင် ဂျော်ဒန်နိုင်ငံသို့လာရောက်သည့် ကမ္ဘာလှည့်ခရီးသည် အရေအတွက်သည် ယခင်နှစ် ဇန်နဝါရီလကထက် ၂၀ရာခိုင်နှုန်းတိုးပြီး ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၄၇၈၁၆၉ဦးရှိသည်။ ၂၀၀၉ခုနှစ် ဇန်နဝါရီလတွင် ကမ္ဘာလှည့်ခရီးသည် ၃၉၉၂၆၈ဦး သာရှိခဲ့သည်ဟုလည်း အဆိုပါစာရင်းဇယားများ၌ ဖော်ပြသည်။

သတင်းထုတ်ပြန်

ယခုနှစ်အတွင်း ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာလျက်ရှိရာမှ ၄င်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းများလည်း မြင့်တက်လာလျက်ရှိကြောင်း ခရီးသွားလုပ်ငန်းမှ သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

ကင်ညာနှင့်ဆူဒန်နယ်စပ် သေနတ်သမားများ ပစ်ခတ်မှုဖြစ်ပွား

နိုင်ရိုဘီ ဖေဖော်ဝါရီ ၁၆

ကင်ညာနှင့်ဆူဒန် နှစ်နိုင်ငံနယ်စပ်ဒေသ၌ ဖေဖော်ဝါရီ ၁၄ရက်က သေနတ်သမားများ ပစ်ခတ်မှုကြောင့် ကင်ညာတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး ခြောက်ဦးပြင်းထန်စွာဒဏ်ရာရရှိသည်။

ပို့ဆောင်ပေး

အဆိုပါ ဖြစ်ပွားမှုသည် ယင်းနေ့နံနက်စောစောပိုင်းက ကင်ညာတပ်ဖွဲ့ဝင်များ ကင်းလှည့်တာဝန်ထမ်းဆောင်စဉ် ချောင်းမြောင်းပစ်ခတ်ခြင်းဖြစ်ကြောင်း ဒဏ်ရာရရှိသူများအား နိုင်ရိုဘီမြို့သို့ လေယာဉ်ဖြင့် သယ်ယူပို့ဆောင်ပေးခဲ့သည်ဟု ကင်ညာစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဘိုဂီတာအွန်ဂျီရာက ပြောကြားသည်။

သေဆုံး

ကင်ညာနိုင်ငံ နယ်စပ်ဒေသ၌ လုံခြုံရေးတာဝန်ထမ်းဆောင်ရန် တပ်ဖြန့်ချထားသည့် တပ်ဖွဲ့ဝင်များ ကင်းလှည့်တာဝန်ထမ်းဆောင်စဉ် သေနတ်သမားများက ၄င်းတို့စီးနင်းလာသည့် ယာဉ်ပေါ်မှပစ်ခတ်သဖြင့် တပ်ဖွဲ့ဝင်နှစ်ဦး ပွဲချင်းပြီးသေဆုံးခဲ့သည်ဟုဆိုသည်။ **(အင်တာနက်)**

တာလီဘန်စစ်သွေးကြွများ၏လက်ချက် ပါကစ္စတန်၌ ဗုံးပေါက်ကွဲ၊ စာသင်ကျောင်းပျက်စီး

ကရာချိ ဖေဖော်ဝါရီ ၁၆

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် နယ်စပ်တစ်လျှောက်ရှိ အမျိုးသား အထက်တန်းကျောင်းတစ်ကျောင်းတွင် တာလီဘန်လိုလားသူ စစ်သွေးကြွများက ဗုံးဖောက်ခွဲမှုကြောင့် ပါကစ္စတန်တပ်ဖွဲ့ဝင်များက အဆိုပါ စစ်သွေးကြွများအား ဆက်လက်တိုက်ခိုက်နေကြောင်း သတင်းရရှိသည်။

ပျက်စီး

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း မိုမန်တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ ဆာဖီဒေသရှိ ကာမာဒင်ကျေးရွာ စာသင်ကျောင်းကို ဖေဖော်ဝါရီ ၁၃ရက်က ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ထိုစာသင်ကျောင်း ပျက်စီးသွားခဲ့ကြောင်း၊ သို့ရာတွင် သေကျေဒဏ်ရာရရှိမှု သတင်းမရသေးကြောင်း သိရသည်။

ပြောကြား

တာလီဘန်တို့က အဆိုပါကျောင်းရှိ နေရာငါးနေရာတွင် ဗုံးများထောင်ထားခဲ့ကြောင်း၊ စာသင်ခန်းအားလုံးနီးပါး ပျက်စီးသွားကြောင်းဖြင့် ယင်းဒေသရှိ အဆင့်မြင့် အုပ်ချုပ်ရေးအရာရှိ မက်ဆွတ်ခန်က အေအက်ဖ်ပီသတင်းဌာနကို ဖုန်းဖြင့် ပြောကြားသည်။ **(အင်တာနက်)**

ဘရပ်ဆဲလ်မြို့ ရထားတိုက်မှု လူ ၂၀ကျော် သေဆုံး

ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၁၆

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ ဆင်ခြေဖုံးဘူတာရုံတစ်ရုံ၌ ရထားတိုက်မှုကြောင့် ဖေဖော်ဝါရီ ၁၅ရက်က လူ ၂၀ကျော် သေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြပါရှိသည်။

တိုက်မိ

ဘရပ်ဆဲလ်မြို့ အနောက်တောင်ဘက် ၁၅ကီလိုမီတာအကွာ ဟော်လီမြို့အနီး၌ တစ်ညလုံးနှင်းများထူထပ်စွာကျပြီးနောက် ဖေဖော်ဝါရီ ၁၅ရက် လူအသွားအလာများသည့် ရုံးတက်ချိန်တွင် ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မိခြင်းဖြစ်ကြောင်း၊ သေဆုံးသူစုစုပေါင်း ၂၀ကျော်ရှိကြောင်း ဟော်လီမြို့တော်ဝန်ဒတ်ပီတာက ပြောကြားသည်။ **(အင်တာနက်)**

အစ္စရေးစစ်လေယာဉ်လေးစင်း

လက်ဘနွန်ဝေဟင်ပိုင်နက်ကို ကျူးကျော်ဟုဆို

ဘေရွတ် ဖေဖော်ဝါရီ ၁၆

လက်ဘနွန်တပ်ဖွဲ့သည် လက်ဘနွန် ဝေဟင်ပိုင်နက်အတွင်း အနီမ့်ပျံသန်းကျူးကျော်ဝင်ရောက်လာသော အစ္စရေးစစ်လေယာဉ်များကို လေယာဉ်ပစ်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းရပ်ကွက်က ပြောကြားသည်။

ဖော်ပြထား

လက်ဘနွန် တပ်ဖွဲ့များသည် လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ဟက်စ်ဘာယား၊ သည်ရှော့ဖ်နှင့် သည်ဘေကာတို့ကို ဖြတ်ကျော်ကာ ကျူးကျော်ဝင်ရောက်လာသော လေယာဉ်လေးစင်းကို ခုခံတွန်းလှန်တိုက်ခိုက်ခဲ့ကြောင်း လက်ဘနွန်စစ်ဘက် ကြေညာချက် တစ်ရပ်တွင် ဖော်ပြထားသည်။

အဆုံးသတ်

ယင်းကျူးကျော်ဝင်ရောက်မှုသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ်(၁၇၀၁)ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ ယင်းဆုံးဖြတ်ချက်အရ လက်ဘနွန်ကို အစ္စရေးတို့က ၃၃ရက်ကြာ တိုက်ခိုက်ခဲ့သော စစ်ပွဲသည် ၂၀၀၆ ခုနှစ် နွေရာသီတွင် အဆုံးသတ်ခဲ့ကြောင်း လက်ဘနွန်နိုင်ငံရှိ ကုလသမဂ္ဂတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အင်ဒရီးတီနင်တီက ပြောကြားသည်။ (အင်တာနက်)

ရန်ကုန်တိုင်းဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း မြန်မာ့ရိုးရာခြင်းလုံးဆပ်ကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ၊ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ကူညီပံ့ပိုး

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း မြန်မာ့ရိုးရာခြင်းလုံး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဝင်းတင့်က ရန်ကုန်တိုင်း မြို့နယ်ပေါင်းစုံ ခြင်းလုံးခတ်ပြိုင်ပွဲအတွက် ကူညီပံ့ပိုးခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တစ်ဦးချင်းစီသို့ ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းခြင်းလုံးဆပ်ကော်မတီ အတွင်းရေးမှူး ဦးစောဝင်းက ပြိုင်ပွဲတွင် အသက်အကြီးဆုံးပါဝင်ယှဉ်ပြိုင်ခဲ့သော ဦးလှမြင့်(အသက် ၆၂နှစ်) (ကြည့်မြင်တိုင်မြို့နယ် ကိုယ်စားပြု)အား အထူးဂုဏ်ပြုဆုကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစိုးတင့်က မြန်မာ့ရိုးရာခြင်းလုံးစွမ်းရည်ပြပြိုင်ပွဲတွင် ပထမရရှိသော လှိုင်သာယာမြို့နယ်အသင်းအား ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် လေးသောင်းကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တာဝန်ရှိသူများက စွမ်းရည်ပြပြိုင်ပွဲတွင် ဒုတိယရရှိသော မြောက်ဥက္ကလာပမြို့နယ်အသင်းအား ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သုံးသောင်းကိုလည်းကောင်း၊ တတိယရရှိသော သာကေတမြို့နယ်အသင်းအား ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်နှစ်သောင်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ရန်ကုန်တိုင်း မြန်မာ့ရိုးရာ ခြင်းလုံးဆပ်ကော်မတီဥက္ကဋ္ဌက အမှတ်ခတ်ပြိုင်ပွဲတွင် ပထမရရှိသွားသော လှိုင်သာယာမြို့နယ်အသင်းအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒိုင်းနှင့် ဆုကြေးငွေကျပ် ခုနစ်သောင်းကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက အမှတ်ခတ်ပြိုင်ပွဲတွင် ဒုတိယရရှိသော မှော်ဘီမြို့နယ်အသင်းအား ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ငါးသောင်းကိုလည်းကောင်း၊ တတိယရရှိသော သာကေတမြို့နယ်အသင်းအား ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သုံးသောင်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆွတ်ခူး

ယင်းပြိုင်ပွဲတွင် ရဲဝင်းထွန်း (သာကေတမြို့နယ်အသင်း)က ထူးချွန်အားကစားသမားဆုကိုလည်းကောင်း၊ စန်းယု(ခ) ဒိုးကလေး (လှိုင်သာယာမြို့နယ်အသင်း)က အကောင်းဆုံးအားကစားသမားဆုကိုလည်းကောင်း ဆွတ်ခူးသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၁၂ရက်က အထက (၃)ကြည့်မြင်တိုင် (ယခင်ဟုကျုံး) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ကျောင်းစကားဖြူခန်းမ၌ ကျင်းပရာ မျိုးဆက်သစ်ကျောင်းသားလေးများက အလင်းမီးတိုင်ဖြင့် ပူဇော်ခြင်းကို ဆရာကြီး ဦးဝင်းကြူက ဩဝါဒစကား ပြန်လည်ပြောကြားစဉ်။

(မြန်မာ့အလင်း)

(၆၃)နှစ်မြောက် တပ်မတော်နေ့

ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုစွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။

၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော် တည်ဆောက်ရေး။

လက်မှတ်ရ အဆင့်မြင့် မြေတိုင်းသင်တန်းနှင့် GPS & Google Earth လက်တွေ့အသုံးချနည်း သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

CONCORDIA Int'l Co.,Ltd. မှ လက်မှတ်ရ အဆင့်မြင့်မြေတိုင်းသင်တန်း (၅/၂၀၁၀)ကို ဖေဖော်ဝါရီ ၂၀ရက်မှ မတ် ၃ရက်အထိလည်းကောင်း၊ GPS & Google Earth Software လက်တွေ့အသုံးချနည်းသင်တန်းကို ၂မတ် ၁၀ရက်မှ ၁၂ရက် အထိလည်းကောင်း နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ CONCORDIA သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

သင်ကြားပို့ချ

အဆိုပါ သင်တန်းတွင် မြေတိုင်းသင်တန်းနှင့် ပတ်သက်သော Total Station လက်တွေ့အသုံးချတိုင်းတာနည်း (Construction Servey၊ Topo Graphic Servey Differential GPS နောက်ဆုံးပေါ် RTK ဖြင့် လက်တွေ့တိုင်းတာခြင်း)၊ Handheld GPS လက်တွေ့တိုင်းတာခြင်းများနှင့် GPS နှင့် Google Earth Software လက်တွေ့အသုံးချနည်းနှင့် ပတ်သက်သော GPS downloading and Processing to Garmin Map source & Google Earth Software၊ မိမိတိုင်းတာထားသော Data များအား Mapsource Software နှင့် Google Earth Software တို့၌ download နှင့် Processing များ ပြုလုပ်ခြင်းများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

မေးမြန်းစုံစမ်းနိုင်

ယခုဖွင့်လှစ်မည့်သင်တန်း၌ မြေတိုင်းသင်တန်းကို ဖေဖော်ဝါရီ ၁၅ရက်မှ ၁၉ရက် အထိသင်တန်းသားများလက်ခံခြင်း၊ Google Earth လက်တွေ့အသုံးချနည်းသင်တန်းကို မတ် ၁ရက်မှ ၉ရက်အထိ နောက်ဆုံးထားလက်ခံပေးသွားမည်ဖြစ်ပြီး အခြေခံပညာ အထက်တန်း သို့မဟုတ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကြောင်းနှင့် ဆက်သွယ်စုံစမ်းလိုပါက CONCORDIA Int'l Co.,Ltd. လေးလွှာ ရွှေဂုံတိုင် ပလာဇာ ကမ္ဘာအေးစေတီလမ်း ဖုန်း-၅၅၈၁၇၀၊ ၅၄၄၈၂၄၊ ၅၄၄၁၉၉၊ ၅၅၉၄၄၄နှင့် ၀၉-၅၀-၀၅၉၁၂တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

IT အလုပ်အကိုင် အခွင့်အလမ်းများဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

Myanmar Professionals Education Centre (MPEC) နှင့် အခွင့်အလမ်းဂျာနယ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် IT နှင့်စပ်လျဉ်းသော အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာ ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၀ရက် (စနေနေ့) မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ ကွန်ဖရင့်ဟော၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် ဦးရဲရင့်ဝင်း (Bizsoft)၊ ဦးထွန်းခိုင် (iNTEGRA System) နှင့် ဦးနေလင်းသန်း (MIT) တို့က လူငယ်များအတွက် IT နှင့်စပ်လျဉ်းသော အလုပ်အကိုင်အခွင့်အလမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လက်တွေ့လုပ်ငန်းခွင်တွင် IT ကျွမ်းကျင်သူဝန်ထမ်းများ လိုအပ်နေမှုများကို အဓိကထား ဟောပြောကြမည်ဖြစ်သည်။ ဟောပြောပွဲသို့ တက်ရောက်လိုသူများသည် ဖုန်း-၆၆၈၇၇၉၊ ၆၆၈၂၅၉နှင့် ၆၅၀၁၂၄တို့သို့ စာရင်းပေးသွင်း၍ တက်ရောက်နိုင်ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျေးလက်စာဖတ်ဝိုင်း ဆွေးနွေးပွဲ ခန္တီးမြို့ ကျေးရွာစာကြည့်တိုက်၌ကျင်းပ

ခန္တီး ဖေဖော်ဝါရီ ၁၆

ခန္တီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်သိန်းစိုးသည် ဝန်ထမ်းများလိုက်ပါ၍ ဇန်နဝါရီ ၁၅ရက် ညနေ ၄နာရီက ခန္တီးမြို့နယ် ဆင်သေကျေးရွာရှိ နာဂသိင်္ဂီ စာကြည့်တိုက်သို့ရောက်ရှိရာ အဆိုပါ စာကြည့်တိုက်၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ပြုလုပ်သည်။

ရှင်းလင်းမှာကြား

ရှေးဦးစွာ ခရိုင်ဒုတိယဦးစီးမှူး ဦးမြင့်သိန်းစိုးက နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်မှု ပကတိအမှန်တရားများကို ကျေညက်စွာ လေ့လာသိရှိစေရန်၊ ကမ္ဘာတစ်ဝန်း အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည့် နည်းပညာ၊ ပညာနှင့်ကဏ္ဍအားလုံးကို မျက်ခြည်မပြတ် သိရှိလေ့လာနိုင်ရန်အတွက် စာပေဖတ်ရှုခြင်းအလေ့အထကို ပိုမိုစွဲမြဲလာစေရန်နှင့် ကျေးလက်နေ ပြည်သူများအနေဖြင့် အသိတရားနှင့်ယှဉ် သတိတရားပေါင်းစပ်ဆင်ခြင်နိုင်ရေးအတွက် စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

ဝိုင်းဝန်းဆွေးနွေး

ဆက်လက်၍ နာဂသိင်္ဂီစာကြည့်တိုက်မှူး ဦးထွန်းထွန်းဝင်းက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ အသိတရားနှင့်ယှဉ် သတိတရားပေါင်းစပ်ဆင်ခြင် ဆွေးနွေးပို့ချချက် စာတမ်းကိုဖတ်ကြားရာ ဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၉/ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးရှေ့တွင် ဖေဖော်ဝါရီ ၁၂ရက်က (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု၍ လင်းလက်ကြယ်စင် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် ရန်ကုန်တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးမြင့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(၁၁၆)

မီးလောင်စဥ် (ပြည်သူတို့၏တာဝန်)

(က) မီးလောင်မှုဖြစ်ပွားပါက အနီးဆုံးမီးသတ်စခန်းသို့အမြန်ဆုံး အကြောင်းကြားပါ။

(ခ) မီးသတ်ယာဥ်များမရောက်မီ ရေပုံးများ၊ ရရာပစ္စည်းများဖြင့် မီးပြန့်ပွားခြင်းမရှိအောင် ထိန်းသိမ်း ငြိမ်းသတ်ပါ။

(ဂ) မီးလောင်ပြင်သို့လာသော မီးသတ်ယာဥ်များအား ဝင်လမ်း၊ ထွက်လမ်း ပိတ်ဆို့မှုမရှိစေရေး ကူညီဆောင်ရွက်ပါ။

(ဃ) မီးလောင်မှုကြောင့် လွင့်ပျံ့နေသော မီးပွားများကို ရေပက်ဖျန်းငြိမ်းသတ်ပေးပါ။

(င) မီးလောင်မှုကို ကူညီငြိမ်းသတ်ပေးပါ။

(စ) နှောင့်ယှက်သူများ၏အန္တရာယ်မှ ကာကွယ်ပေးပါ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြစိမ်းရောင်ချောင်း ပြန်လည်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝရှေ့ဖုံးမှ

ရှင်းလင်းတင်ပြ

ယင်းနောက် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်-ပုသိမ်ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း ရန်ကုန်(လှိုင်သာယာ) ရန်ကုန်ဘူတာယာဒ်ဝင်းသို့ ရောက်ရှိကြပြီး လုပ်ငန်းများ စတင်ဆောင်ရွက်နေမှုနှင့် ယာဒ်ဝင်းအနီးရှိ မြစိမ်းရောင်ချောင်းအား မြန်မာ့မီးရထားမှ တူးဖော်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပပြီး T.HOME Electronics မှ အဓိက ပံ့ပိုးပေးသော (၁၆)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၉ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ နာယကများ၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဂုဏ်ပြုလွှာ

ရှေးဦးစွာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်သို့ T.HOME Electronics က ငွေကျပ် ၁၀သိန်း၊ နာယက ဦးဝင်းအောင် (AHK & MGW Group of Companies)က ငွေကျပ်ငါးသိန်း၊ ဦးသန့်ဘော်ဦး (မန်နေဂျင်းဒါရိုက်တာ ခိုင်မေခကုမ္ပဏီ)က ငွေကျပ်သုံးသိန်း၊ ဦးထွန်းရွှေနှင့် ဒေါ်ထွေးထွေး(PIEC)က ငွေကျပ်နှစ်သိန်း၊ ဦးလှထွန်းဦး (မန်နေဂျင်း ဒါရိုက်တာ ရွှေနီဦး ဆောက်လုပ်ရေးကုမ္ပဏီ)က ငွေကျပ် တစ်သိန်း အလှူငွေများပေးအပ်ရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆုရရှိသူများအား ဆုချီးမြှင့်ရာ ပထမ မျိုးနိုင်(ပို့ဆောင်ရေး)၊ ဒုတိယ ဝင်းဇော်ထွန်း(လယ်ယာ/ဆည်မြောင်း)၊ တတိယ ဇော်ဝင်းလေး(လယ်ယာ/ဆည်မြောင်း)၊ စတုတ္ထ အောင်မျိုးလှိုင်(မြန်မာနိုင်ငံရဲတပ်ဖွဲ့)၊ ပဉ္စမ ကျော်ကျော်ဦး(သစ်တောရေးရာ)၊ ဆဋ္ဌမ မျိုးကျော်လှိုင်(ပဲခူးတိုင်း)၊ သတ္တမ ကျော်လင်းနိုင်(သစ်တောရေးရာ)၊ အဋ္ဌမ ဇော်ဦး(ကာကွယ်ရေး)တို့က ဆုများ အသီးသီးရရှိကြသည်။

(စစ်တုရင်အဖွဲ့ချုပ်)

၂၀၁၀ခုနှစ် နှစ်သစ်ကူးအထိမ်းအမှတ် ဘတ်စကက်ဘောပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၀ခုနှစ် နှစ်သစ်ကူးအထိမ်းအမှတ် ဘတ်စကက်ဘောပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ရန်ကုန်မြို့ရှိ ကျိုက္ကဆံ ဘတ်စကက်ဘော အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းက အမျိုးသား (၁၈)နှစ်နှင့်အောက် 3 on 3 ပြိုင်ပွဲတွင် တတိယဆုရ M.B.A Star အသင်း၊ ဒုတိယဆုရ K.K.S(A) အသင်းနှင့် ပထမဆုရ Bullet အသင်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် အမှုဆောင် ဒေါ်ခင်အုန်းမြင့်က အမျိုးသမီးအလွတ်တန်း 3 on 3 ပြိုင်ပွဲတွင် တတိယဆုရ Precious အသင်း၊ ဒုတိယဆုရ Bullet အသင်းနှင့် ပထမဆုရ Friendship အသင်းတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

သတင်းရရှိ

ထို့နောက် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက အမျိုးသားအလွတ်တန်း 3 on 3 ပြိုင်ပွဲတွင် တတိယဆုရ K.K.S အသင်း၊ ဒုတိယဆုရ တွေ့မရှောင်အသင်းနှင့် ပထမဆုရ သံလွင်အသင်း၊ အမျိုးသား(၃၅)နှစ်အထက် 5 on 5 ပြိုင်ပွဲတွင် တတိယဆုရ အရဏ်ဦး(A)အသင်း၊ ဒုတိယဆုရ K.K.S အသင်းနှင့် ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ နိုင်ငံတကာ Software Development ကုမ္ပဏီများတွင် အလုပ်လုပ်နေသောပုံစံများ၊ အသုံးပြုနေသော နည်းပညာများ၊ လုပ်ထုံးလုပ်နည်းများကို မြန်မာလူငယ်များ သိရှိစေရန် ရည်ရွယ်၍ ဖေဖော်ဝါရီ ၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ပင်မဆောင်ရှိ အခန်း ၂၀၅၌ IT Specialist ဦးမိုးကျော်စိုးက Software Development Experience in UK ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အဆိုပါ ဟောပြောပွဲသို့ ကွန်ပျူတာပညာရှင်အသင်းဝင်များ ၊ Software Engineer များ၊ ကွန်ပျူတာနည်းပညာကို လေ့လာနေသူများနှင့် စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်နိုင်ကြပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင် ၄ အခန်း ၄ ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ် (မြောက် ပိုင်း) မြို့နယ် အမှတ်(၂) အခြေခံပညာ မူလတန်း ကျောင်း ၏ ၂၀၀၈ - ၂၀၀၉၊ ၂၀၀၉ - ၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ တတိယတန်း(က)မှ တတိယဆုရ မမိုးသဒ္ဒါမင်းဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မီမီကျော်က ဆုပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

၂၀၁၀ခုနှစ် ဇန်နဝါရီလအတွင်း နိုင်ငံတစ်ဝန်းမှ မူးယစ်ဆေးဝါးအမှုပေါင်း ၂၀၅မှု ဖမ်းဆီးအရေးယူခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ဇန်နဝါရီလအတွင်း နိုင်ငံတစ်ဝန်းမှ မူးယစ်ဆေးဝါးအမှုပေါင်း ၂၀၅မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၂၃မှု အလေးချိန် ၁၀၃သမ ၉၄၂၅၉ ကီလို၊ ဘိန်းဖြူ ၆၅ မှု အလေးချိန် ၅ဒသမ ၉၆၂၉၉ ကီလို၊ ဘိန်းဆီ ၁၇မှု အလေးချိန် ၀ ဒသမ ၄၄၈၈၅ ကီလို၊ အဆင့်နိမ့်ဘိန်းတစ်မှု အလေးချိန် ၀ဒသမ ၀၅၁၁ ကီလို၊ ဆေးခြောက် ၁၃မှု အလေးချိန် ၃၄ ဒသမ ၄၃၅၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၇မှု၊ ၉၃၃၇၉ ပြား၊ ဘိန်းစာမှုန့် ကိုးမှု အလေးချိန် ၃၁ ဒသမ ၇၂၁၅ ကီလို၊ အယ်ပရာဇိုလမ် အပြား၃၀၊ အက်ဖီဒရင်း အလေးချိန် ၀ ဒသမ ၀၀၂၆ ကီလို၊ ကဖင်း တစ်မှု အလေးချိန် ကီလို၉၂၀ ၊ အိုက်(စ်) နှစ်မှု အလေးချိန် ၁၇ ဒသမ ၈၀၅ ကီလို၊ ဒိုင်ယာဇီပင်ထိုးဆေး တစ်မှု ၂၄ ပုလင်း၊ ထရာမဒေါ်ဆေးတောင့် သုံးမှု ၇၆၃ တောင့်၊ ဓာတုဆေးရည် တစ်မှု အလေးချိန် ၃၅၄ လစ်တာ၊ ဘိန်းရည် တစ်မှု အလေးချိန် ၁ ဒသမ ၀၂ လစ်တာ၊ ချောင်းဆိုးပျောက်ဆေးရည် အလေးချိန် တစ် လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန် ၉၇၅ ကီလို၊ အခြားအမှု တစ်မှု ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ယင်းကဲ့သို့ အမှုပေါင်း ၂၀၅မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၂၂၂ဦးနှင့် တရားခံ မ ၅၆ဦး စုစုပေါင်း ၂၇၈ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဇလွန်မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရောဝတီတိုင်းမှော်ရုံ၌ ကျင်းပမည်ဖြစ်သည်။

စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန်တိုင်း အားကစားကော်မတီနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား အပြည်ပြည်ဆိုင်ရာ စစ်တုရင်တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ရက်မှ ၂၈ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ရေနံချောင်းအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကမ္ဘာအေးဘုရားလမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံတွင် ကျင်းပမည်ဖြစ်ပြီး အသင်းသူ အသင်းသားများ တက်ရောက်ကြရန်နှင့် ဖုန်း-၅၇၂၄၄၀၊ ၆၄၁၆၂၉၊ ၅၄၂၄၂၄နှင့် ၅၅၂၉၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပထဝီဝင်မိသားစု အာစရိယပူဇော်ပွဲ

ပထဝီဝင်မိသားစုများ၏ ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် တက္ကသိုလ်များမှော်ရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ကုက္ကိုင်းရေကူးအသင်း ရေကူးသင်တန်းတက်ရောက်နိုင်

ကုက္ကိုင်းရေကူးအသင်းမှ ရေကူးသင်လိုသူများအတွက် အတွေ့အကြုံရှိနည်းပြများက သင်ကြားပေးမည်ဖြစ်ရာ သင်တန်းကို ဖေဖော်ဝါရီ ၂၇ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး တက်ရောက်လိုပါက ဖုန်း-၅၄၂၇၄၉နှင့် ၇၀၃၅၂၅ တို့သို့ ဆက်သွယ်နိုင်သည်။

လက်မှတ်ရစာရင်းကိုင်များအသင်းဟောပြောပွဲ

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အမှုဆောင်ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရပြည်သူ့စာရင်းကိုင်များအတွက် MERs for SMEs (Part III) ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI ရုံးခန်းမ၌ ဟောပြောမည်ဖြစ်သည်။

ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

၁၉၈၁ခုနှစ် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဘူမိဗေဒကျောင်းသားဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၀ရက် (စနေနေ့) နံနက် ၉နာရီတွင် အမှတ် ၁၆၄-၁၆၈ ဝါးတန်းလမ်း (အထက်)ရှိ Doreen စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ တက်ရောက်ရန် နှိုးဆော်ထားသည်။

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် စာမူများပေးပို့နိုင်

ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ရာ မဂ္ဂဇင်းအတွက် ကာတွန်း၊ ကဗျာ၊ ဝတ္ထုတိုနှင့် ဆောင်းပါးများကို မတ် ၁ရက် နောက်ဆုံးထား၍ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဗဟိုကျန်းမာရေး ပညာဌာန ညွှန်ကြားရေးမှူး (ကျန်းမာရေးပညာ)ထံ လိပ်မူရေးသားပေးပို့နိုင်သည်။

ကွမ်းခြံကုန်းအသင်း နှစ်ပတ်လည်စည်းဝေးမည်

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ၃လမ်းထိပ်ရှိ စွမ်းအင်ဝန်ကြီးဌာန မှော်ရုံ၌ ကျင်းပမည်ဖြစ်သည်။

စိတ်ပညာမိသားစု မြတ်ဆရာပူဇော်မည်

စိတ်ပညာမိသားစု၏ (၁၇)ကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် လမ်းမတော်မြို့နယ် ဝါးတန်းလမ်း ပန်ဒါဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

မီးဖိုမီး အခြားမီး

သုံးပြီးသတိ အမြဲရှိ

● ကျောဖုံးမှ

မန္တလေး-လားရှိုးကားလမ်းသည် ကျောက်မဲမြို့အတွင်းမှ မဖြတ်သန်းဘဲ မြို့ဘေးမှ ဖြတ်သန်းသွားခြင်းဖြစ်သည်။ ကျောက်မဲမြို့တွင်းသို့ သွားလိုလျှင် မန္တလေး-လားရှိုးလမ်းပေါ်မှ ဖွဲ့ဆင်းကာ မောင်းဝင်ရသည်။ အဝေးပြေးလမ်းမကြီးသည် မြို့အတွင်းမှ ဖြတ်သန်းခြင်းမရှိ၍ ကျောက်မဲမြို့တွင်း လမ်းများမှာ သန့်ရှင်းသပ်ရပ်လှသည်။ ကျောက်မဲမြို့ကလေး၏ ညချမ်းသည် မပူလွန်း၊ မအေးလွန်းဘဲ နေချင့်စဖွယ် ဖြစ်နေသည်။

နာမည်ကျော်

ငယ်စဉ်က ကြည့်ခဲ့ဖူးသည့် 'ကျောက်မဲအကျဉ်းသား' ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းများကို သေချာစွာ မမှတ်မိတော့သော်လည်း 'ကျောက်မဲအကျဉ်းသား' ဆိုသောအမည်နှင့် 'အကယ်ဒမီဝင်းဦး' ပါဝင်သရုပ်ဆောင်သည်ကိုတော့ ကောင်းကောင်းကြီး မှတ်မိနေသေးသည်။ ကျောက်မဲမြို့သည် ခရိုင်မြို့ဖြစ်သည်နှင့်အညီ မန္တလေး-

ကျောက်မဲမြို့ နဂါးမောက်ခြံမှ အသီးများအောင်မြင်လျက်ရှိသော နဂါးမောက်ပင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

လားရှိုးလမ်းတစ်လျှောက်ရှိ မြို့များအနက် အကြီးဆုံးမြို့တစ်မြို့ ဖြစ်သည်။ ကျောက်မဲမြို့မှ ဆားချိုသီးနှင့် လက်ဖက်တို့မှာ နာမည်ကျော်ပြီး ယခုအခါ နဂါးမောက်သီးဆိုလျှင် ကျောက်မဲမြို့သည် ထိပ်ဆုံးကဖြစ်နေပြန်သည်။

ကျောက်မဲမြို့သို့ ရောက်ရှိပြီး နောက်နေ့ နံနက်တွင် ကျောက်မဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ သိရှိလိုသည်များကို မေးမြန်းဖြစ်ခဲ့သည်။ ကျောက်မဲခရိုင်ရုံးနှင့် ကျောက်မဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတို့မှာ တွဲလျက်တည်ရှိ၍ မြို့နယ်တာဝန်ရှိသူများနှင့် တစ်ပြိုင်တည်း တွေ့ဆုံခဲ့ရသည်။

အားရကျေနပ်

ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လာရောက်လေ့လာခြင်းအတွက် ဝမ်းသာအားရ ဖြစ်နေသည်။ ကျောက်မဲခရိုင်အတွင်း လေ့လာစရာများစွာရှိ၍ အချိန်ယူလေ့လာရန်ပင်တိုက်တွန်း၍နေလေသည်။ ကျောက်မဲခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောပြရာ အားရကျေနပ်စရာ ကောင်းလှသည်။ ကျောက်မဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးလွင်ကလည်း ကျောက်မဲမြို့နယ်အတွင်း မိုးစပါး၊ နွေစပါးစိုက်ပျိုးမှု အခြေအနေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတားများ တည်ဆောက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

စည်ကားလှ

ကျောက်မဲခရိုင် အတွင်းရေးမှူး ဦးစန်းလွင်၏ ခေါ်ဆောင်မှုဖြင့် ကျောက်မဲမြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာဖြစ်သည်။ မင်းကုသဝတီ တောင်ပေါ်မှ ကျောက်မဲမြို့ကွက်ကို အပေါ်စီးမှ ကြည့်ခွင့်ရသည်။ ကျောက်မဲမြို့သည် မြို့ကွက်ကျယ်ပြီး တိုက်တာ၊ အဆောက်အအုံများက မြို့၏စီးပွားရေး ကောင်းမွန်မှုကို ဖော်ပြနေသည်။ ကျောက်မဲမြို့ မြို့မဈေးကိုလည်း သွားရောက်လေ့လာဖြစ်သည်။ ကျောက်မဲဈေးသည် ဒေသ၏ ကုန်ရောင်း၊ ကုန်ဝယ် အချက်အချာနေရာတစ်ခု ဖြစ်ပြီး ကုန်တင်ယာဉ်ကြီး ယာဉ်ငယ်များ၊ ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားလှသည်။

ကျောင်းဆင်းချိန်ဖြစ်၍ ကျောင်းသားကျောင်းသူများ စက်ဘီးကိုယ်စီဖြင့် လမ်းတစ်လျှောက် သွားလာနေကြသည်မှာ ကြည်နူးစရာကောင်းလှသည်။ ဒေသအေးချမ်းမှုရှိသည်နှင့်အမျှ စီးပွားကုန်သွယ်မှုနှင့် ပညာရေး၊ ကျန်းမာရေးတို့ ဖွံ့ဖြိုးတိုးတက်လာသည်ကို ကိုယ်တိုင်ရောက်ရှိမှသာ ပိုမို၍ သိရှိနိုင်ပေသည်။

ပြည့်ပြည့်စုံစုံရှိ

ခရိုင်အတွင်းရေးမှူး ဦးစန်းလွင်သည် ကျောက်မဲမြို့သားဖြစ်၍ ကျောက်မဲမြို့အကြောင်းကို နှံ့နှံ့စပ်စပ် ပြောပြနိုင်သည်။ ဒေသခံဖြစ်ပြီး စိတ်သဘောထားကောင်းသူဖြစ်၍ သွားလေရာရာ အသိအကျွမ်းများရှိနေရာ လေ့လာရာတွင် အဆင်ပြေလှသည်။ အတွင်းရေးမှူး ဦးစန်းလွင်၏ မိတ်ဆက်ပေးမှုဖြင့် ကျောက်မဲမြို့၏ လက်ဖက်ပွဲစားကြီး ဦးသိန်းလွင်နှင့်လည်း တွေ့ဆုံပြီး လက်ဖက်စို၊ လက်ဖက်ခြောက်တို့နှင့် ပတ်သက်၍ တော်တော်လေး ပြည့်ပြည့်စုံစုံ သိရှိခဲ့ရသည်။

ပွဲစားကြီးဦးသိန်းလွင်၏ လက်ဖက်ပွဲရုံနှင့် လက်ဖက်အစိုပြုလုပ်သည့် နေရာကိုလည်း ရောက်ရှိခဲ့သည်။ သင်းရွှေဖီ လက်ဖက်စို၊ လက်ဖက်ခြောက် ပွဲရုံသည် ကျောက်မဲမြို့ အမှတ်(၆)ရပ်ကွက်၌ တည်ရှိသည်။ ယခင်က လက်ဖက်စို လုပ်ငန်းကို မမြင်တွေ့ဖူး၍ အသစ်အဆန်း ဖြစ်ရသည်။ လက်ဖက်စိုမှာ စား၍ အရသာရှိသလောက် လုပ်ရသည်မှာ မလွယ်ကူလှချေ။

ကျောက်မဲမြို့နယ်၏ စိုက်ပျိုးမြေ ဧက ၁၀၅၃၄၀၊ ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တော ၃၀၁၅၉ ဧကရှိပြီး စပါး၊ ဂျုံ၊ ပန်းဂျုံ၊ ပြောင်း၊ ပဲအမျိုး မျိုး၊ ဆီထွက်သီးနှံ၊ လက်ဖက်၊ ကြံ၊ ကော်ဖီ၊ ငှက်ပျောနှင့် ဟင်းသီးဟင်း ရွက်မျိုးစုံ စိုက်ပျိုးဖြစ်ထွန်း။

ဖြန့်ဖြူးနေ

ပွဲစားကြီးဦးသိန်းလွင်သည် ငယ်စဉ်ကပင် လက်ဖက်လုပ်ငန်းလုပ်လာသူဖြစ်၍ လက်ဖက်အကြောင်းကို နှံ့စပ်ပြီး လက်ဖက်ခြောက်ကောင်း မကောင်း၊ လက်ဖက်စိုကောင်း မကောင်းကို ကိုင်ကြည့်လိုက်ရုံဖြင့် ချက်ချင်းပြောနိုင်သူ ဖြစ်သည်။တောင်ပေါ်ဒေသရှိ လက်ဖက်စိုက်ပျိုးသူများထံမှ ဝယ်ယူကာ အောက်မြန်မာပြည်ဈေးကွက်သို့ တစ်ဆင့်ပြန်လည် ဖြန့်ဖြူးနေသူလည်း ဖြစ်သည်။

လက်ဖက်ပွဲစားကြီး ဦးသိန်းလွင်က "ပဲ၊ ပြောင်း၊ နှမ်းတို့စိုက်ရင် တစ်ရာသီပဲထွက်တယ်၊ လက်ဖက်က နှစ်ရှည်ပင်ဆိုတော့ ရာသီချိန်ရောက်တိုင်း ထွက်တယ်၊ လက်ဖက်က မတ်လလယ်မှာ စထွက်ပြီး အောက်တိုဘာ၊ နိုဝင်ဘာလအထိ ကိုးလလောက်ထွက်တယ်။ စထွက်ချိန်မှာ အဆီများတယ်။ ပထမဆုံး စထွက်တဲ့အရွက်က အကောင်းဆုံးပဲ။ မိုးရွာတဲ့အချိန်မှာ လက်ဖက်စို လုပ်ကြပြီး နွေရာသီမှာ လက်ဖက်ခြောက် လုပ်ကြတယ်။ လက်ဖက်ပင်ကနေ အချိုခြောက်၊ အကြမ်းခြောက်အပြင် လက်ဖက်စိုလည်းရတယ်၊ လက်ဖက်ကောင်း မကောင်းကို ထွက်တဲ့ဒေသ (တောင်အမျိုးအစား)နဲ့ မျက်စိအမြင်အပေါ် မူတည်ပြီး ခွဲခြားတယ်" ဟု လက်ဖက် အကြောင်း မမောတမ်း ရှင်းပြသည်။

အစဉ်အဆက်လုပ်ကိုင်

ဦးသိန်းလွင်သည် လက်ဖက်လုပ်ငန်းကို အဘိုးအဘွား အစဉ်အဆက်လုပ်ကိုင်ခြင်းဖြစ်ရာ ဘဝ၏ သက်တမ်းတစ်ဝက်လောက်မှာ လက်ဖက်ဖြင့် အချိန်ကုန်ခဲ့သူဖြစ်သည်။

ကျောက်မဲမြို့သို့ ရောက်ရှိခဲ့သည့် စက်တင်ဘာလအတွင်း လက်ဖက်စိုအညွန့်အကောင်းစား တစ်ပိဿာ ငွေကျပ် ၁၅၀၀ ဖြစ်ပြီး အကြမ်းခြောက်တစ်ပိဿာ ငွေကျပ် ၄၀၀ ပေါက်ဈေး ရှိနေလေသည်။ ကျောက်မဲဒေသက ထွက်ရှိသည့် လက်ဖက်ကို 'တောင်လတ် လက်ဖက်'ဟု ခေါ်ကြပြီး နမ့်ဆန်ဒေသကထွက်သည့် လက်ဖက်ကို 'ဇယန်းလက်ဖက်' ဟုခေါ်ကြောင်း ဗဟုသုတတိုးပွားရသည်။ ဇယန်းလက်ဖက်သည် မြန်မာနိုင်ငံ၌ အကောင်းဆုံး လက်ဖက်အမျိုးအစားဖြစ်ပြီး ကမ္ဘာပေါ်၌လည်း အကောင်းဆုံးလက်ဖက်ဖြစ်ကြောင်း၊ နမ့်ဆန်ဒေသမှ ဇယန်းလက်ဖက်ထွက်ရှိသည်မှာ ၁၀ရာခိုင်နှုန်းမျှသာရှိကြောင်း သိရသည်။

အများဆုံးတင်ပို့

ကျောက်မဲဒေသမှ ထွက်ရှိသည့် လက်ဖက်ကို မြေလတ်ဒေသသို့ အများဆုံးတင်ပို့ ရောင်းချကြသည်။ လက်ဖက်အစိုကို တစ်နှစ်လုံး နှစ်လုံးပေါက်ထား၍ရပြီး လက်ဖက်ခြောက်မှာ တစ်နှစ်ထက်ပိုလျှင် ထား၍ မကောင်းတော့ဟု သိရသည်။

ဦးသိန်းလွင်က "လက်ဖက်အစိမ်းကို လက်ဖက်ခြောက်လုပ်ရင် ၂၅ရာခိုင်နှုန်းပဲကျန်တယ်၊ လက်ဖက်စိုလုပ်ရင် ၈၀ရာခိုင်နှုန်းကျန်တယ်၊ ရွှေဖီမထွက်ရင် ဝယ်လိုအားများပြီး ဈေးတက်တယ်၊ ပြည်ပဈေးကွက်(တရုတ်နိုင်ငံ)က လာဆွဲရင်၊ လာယူရင် ဈေးတက်တယ်။ Green Tea ဆိုတာကတော့ စက်နဲ့အခြောက်ခံတာပါ။ လက်ဖက်မျိုးတူပေမယ့် မြေဆီမြေနှစ်ကွာရင်၊ တောင်မြင့်တာ နိမ့်တာကွာရင် အရသာကွာသွားတယ်။ နမ့်ဆန်ဘက်က သဲမြေဆိုတော့ လက်ဖက်ကောင်းထွက်တယ်" ဟု ရှင်းပြသည်။

အချို့သော လက်ဖက်များတွင် ဓာတုဆိုးဆေးများပါဝင်သည့်အတွက် ကျန်းမာရေး ဝန်ကြီးဌာနက စားသုံးရန်မသင့်ကြောင်း ကြေညာချက်များထုတ်ပြန်ကာ တားမြစ်မှုများရှိခဲ့သည်။ အဆိုပါ ကြေညာချက်ထွက်လာစဉ်က လက်ဖက်လောကတွင် အတော်လေး ဂယက်ရိုက်ခတ်ပြီး လက်ဖက်ဈေးကွက်ပျက်လုနီးပါး ဖြစ်သွားရလေသည်။

လက်ဖက်များ၌ ဓာတုဆိုးဆေး အသုံးပြုသည့် ကိစ္စနှင့်ပတ်သက်၍ ဦးသိန်းလွင်က "ရှေးလူတွေက လက်ဖက်ကို အရသာခံစားကြတော့ လက်ဖက်ရဲ့ အရသာကို သိတယ်။ အခုခေတ်မှာ လက်ဖက်ရဲ့ အရသာမူရင်းကို စားသုံးသူနည်းလာတယ်။ အကြော်၊ အလှော်တွေ ခရမ်းချဉ်သီး၊ ဂေါ်ဖီစသည်ဖြင့် ထည့်ပြီးစားလာကြတယ်။ အခုဆိုရင် လက်ဖက်အစိုကို ပလတ်စတစ်နဲ့ ထည့်သွင်းရောင်းချတဲ့ခေတ်ဖြစ်လာတယ်။ လက်ဖက်ဆိုရင်ဝါမှ စားသုံးသူတွေက သဘောကျတာဆိုတော့ ကိုယ့်ပစ္စည်းရောင်းကောင်းအောင် ဆိုးဆေးသုံးလာကြတယ်။ အရောင်းဆိုင်တွေရဲ့ တောင်းဆိုချက်အရ အနှစ် ၂၀လုံးလုံး ဆေးဆိုးပေးခဲ့ရတယ်။ အခုလို ကြေညာချက်တွေ ထွက်လာတာ သိပ်ကောင်းတယ်။ ကျွန်တော်တို့က ဆေးဆိုးတာမလုပ်ချင်ဘူး၊ ဆေးဆိုးရတာ အချိန်ကုန်၊ ငွေကုန်ပြီး အရသာလည်း ပိုကောင်းမလာဘူး" ဟု ရှင်းပြသည်။

ယခုအခါ ကျောက်မဲမြို့နယ်တွင် လက်ဖက်စိုက်ဧက ၃၀၀၀၀ရှိပြီး နမ့်ဆန်မြို့နယ်၌ လက်ဖက်စိုက်ဧက ၄၀၀၀၀ ရှိသည်။ လက်ဖက်တစ်ဧကလျှင် လက်ဖက်ပိဿာ ၂၅၀ခန့်ထွက်ရှိ၍ လက်ဖက်အစိုပြုလုပ်ပါက ပိဿာ ၂၀၀ခန့် ပျမ်းမျှ ရရှိကြောင်း သိရသည်။

ကျောက်မဲမြို့နယ်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) မန္တလေး-လားရှိုး

ကျောက်မဲမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ရထားလမ်းနှင့် ကားလမ်းပေါ်တည်ရှိပြီး ဧရိယာစတုရန်းမိုင် ၁၅၅၃ကျယ်ဝန်းသည်။ အရှေ့နှင့် အနောက် ၄၇မိုင်၊ တောင်နှင့်မြောက် ၃၃မိုင် ရှည်လျားသည်။ မြောက်ဘက်တွင် မိုးကုတ်မြို့နယ်၊ မိုးမိတ်မြို့နယ်နှင့် နမ့်ဆန်မြို့နယ်၊ အရှေ့ဘက်တွင် သီပေါမြို့နယ်၊ တောင်ဘက်တွင် ရပ်စောက်မြို့နယ်၊ အနောက်ဘက်တွင် နောင်ချိုမြို့နယ်တို့နှင့် နယ်နိမိတ်အတွင်း ထိစပ်လျက် ရှိသည်။

ကျောက်မဲမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၂၅၀၆ ပေတွင် တည်ရှိပြီး တောင်ပေါ် မြေပြန့်မြို့ဖြစ်သည်။ ပူအေးစိုစွတ်ပြီး သမအေးရာသီဥတု ရပ်ဝန်းဖြစ်ကာ ပျမ်းမျှ အနိမ့်ဆုံးအပူချိန် ၁၁ဒီဂရီစင်တီဂရိတ်၊ ပျမ်းမျှ အမြင့်ဆုံးအပူချိန် ၃၃ဒသမ ၈၀ဒီဂရီစင်တီဂရိတ်၊ ပျမ်းမျှမိုးရေချိန် ၅၂ဒသမ ၄၄ လက်မ ရွာသွန်းသည်။

ကျောက်မဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမျိုးလွင်က မိုးစပါး၊ နွေစပါး စိုက်ပျိုးမှု အခြေအနေကို ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

ကျောက်မဲမြို့နယ်ကို ရပ်ကွက် ကိုးခု၊ ကျေးရွာအုပ်စု ၆၉စု၊ ကျေးရွာ ၄၀၀ဖြင့် ဖွဲ့စည်းထားပြီး အိမ်ခြေပေါင်း ၂၈၆၀၂ အိမ်၊ အိမ်ထောင်စုပေါင်း ၂၈၉၃၂စုပါဝင်ကာ လူဦးရေ စုစုပေါင်း ၁၅၆၈၉၄ဦး (၂၀၀၉ခုနှစ် စက်တင်ဘာအထိ) နေထိုင်ကြသည်။

တောင်တန်းများထူထပ်

ကျောက်မဲမြို့နယ်သည် တောင်ကုန်းတောင်တန်းများထူထပ်ပြီး တောင်ကုန်းတောင်တန်းများအကြားတွင် ချောင်းများစီးဆင်းလျက်ရှိရာ မိုင်းငေါ့ချောင်း၊ နမ့်ဆောင်းငေါင်းချောင်း၊ ပုံပိုးချောင်း၊ နမ့်ကော်ချောင်း(မိုင်းလုံ)၊ နမ့်လုံးချောင်း (မင်းကုန်း)၊ နမ့်တန်ချောင်း (မိုင်းတင်း)၊ တော်လေချောင်း(မင်းကုန်း)၊ နောင်ကွမ်ချောင်း၊ ခိုအုံးချောင်းနှင့် နမ့်စင်ချောင်းတို့ စီးဆင်းလျက်ရှိသည်။

ခေါ်တွင်

ကျောက်မဲမြို့ကို ၁၉၀၂ခုနှစ်ခန့်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ထိုစဉ်က နမ့်တုံမြို့သစ်ဟု ခေါ်ဝေါ်ခဲ့သည်။ မာဟင်လန်(ခေါ်) ကျောက်တုံးမည်းများကို တွေ့ရှိရသဖြင့် ကျောက်တုံးမည်းများကို အစွဲပြုကာ 'ကျောက်မဲမြို့'ဟု ခေါ်တွင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မျိုးစုံစိုက်ပျိုး

ကျောက်မဲမြို့နယ်၏ စိုက်ပျိုးမြေဧက ၁၀၅၃၄၀၊ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ၃၀၁၅၉ဧကရှိပြီး စပါး၊ ဂျုံ၊ ပန်းဂျုံ၊ ပြောင်း၊ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊လက်ဖက်၊ ကြံ၊ ကော်ဖီ၊ ငှက်ပျောနှင့် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးဖြစ်ထွန်းသည်။

ကျောက်မဲမြို့အတွင်း အဓိကလမ်းသုံးလမ်းအနေဖြင့် လားရှိုး-မန္တလေးလမ်း ၃၁မိုင် ၂ဖာလုံ၊ ကျောက်မဲ-မိုင်းလုံလမ်း ၅၈မိုင် ၂ဖာလုံ၊ ကျောက်မဲ-မိုင်းငေါ့လမ်း ၃၁မိုင် တို့ဖြစ်သည်။

ကျောက်မဲမြို့နယ်၏ လက်လှည့်တယ်လီဖုန်းအိတ်ချိန်းကို ၁၉၉၅ခုနှစ်တွင် အလုံး ၂၀ဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်းလိုင်း ၈၃၃ လိုင်း တပ်ဆင်အသုံးပြုလျက်ရှိသည်။ ကျောက်မဲမြို့၏ GSM မိုဘိုင်းလ်တယ်လီဖုန်းစနစ်ကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်မှ စတင်၍ အသုံးပြုလျက်ရှိပြီး CDMA-450ယာဉ်တင် မိုဘိုင်းလ်တယ်လီဖုန်းများကိုလည်း ၂၀၀၉ ခုနှစ် အောက်တိုဘာတွင် လိုင်း ၇၀၀ တပ်ဆင်၍ အသုံးပြုနေပြီဖြစ်သည်။ ကျောက်မဲမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ IP Star ဖုန်းများ တပ်ဆင်သုံးစွဲလျက်ရှိသည်။

ကျောက်မဲမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း လေးကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း ခုနစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ တစ်ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ သုံးကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း ၁၂၉ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၂၅ ကျောင်း ဖွင့်လှစ်၍ သင်ကြားလျက်ရှိသည်။

စောင့်ရှောက်မှုပေး

ကျောက်မဲမြို့နယ်တွင် ခုတင်(၁၅၀) ဆံ့ ပြည်သူ့ဆေးရုံ တစ်ရုံ၊ တိုက်နယ်ဆေးရုံ သုံးရုံ၊ တိုက်နယ်ကျန်းမာရေးဌာန သုံးခု၊ ကျေးလက်ကျန်းမာရေးဌာန နှစ်ခု၊ ကျေးလက် ကျန်းမာရေးဌာနခွဲ ၂၃ ခု၊ အနာကြီးရောဂါတိုက်ဖျက်ရေးဌာန တစ်ခု၊ အဆုတ်ရောဂါ တိုက်ဖျက်ရေးဌာနတစ်ခု၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာန တစ်ခုတို့ကို ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြနှင့်ကျေးလက် လမ်း၊ တံတားများကို ဖောက်လုပ်လျက်ရှိရာ မြို့ပြကတ္တရာလမ်း ၃၄ လမ်း ၁၄ မိုင် ၃ ဖာလုံ၊ မြို့ပြ ကျောက်ချောလမ်း ၁၄လမ်း ၇မိုင် ၃ ဖာလုံ၊ မြို့ပြတံတား ၇၄စင်း၊ ကျေးလက် ကျောက်ချောလမ်း ကိုးလမ်း ၇၄မိုင်၊ ကျေးလက်မြေသားလမ်း ၁၉ လမ်း ၁၀၂ မိုင်၊ ကျေးလက်ကြိုးတံတားနှစ်စင်း၊ ကျေးလက်သစ်သားတံတား ၂၇စင်း၊ ကျေးလက်ရေပြွန် ၄၉ ခု၊ ကျေးလက်ရေကျော်ငါးခုတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကြည့်ချင်လှ

မွန်းလွဲ ၁ နာရီတွင် ကျောက်မဲမြို့ အဝေးပြေးကားဂိတ်အနီး ဟင်းချက်ကောင်းလှသော ရှမ်းထမင်းဆိုင်လေးတွင် ခရိုင်အတွင်းရေးမှူး ဦးစန်းလွင်နှင့်အတူ နေ့လယ်စာ စားပြီးနောက် မန္တလေးသို့ ခရီးဆက်ရန် ပြင်ဆင်ရလေသည်။ ကျောက်မဲမြို့သို့ ရောက်တုန်းရောက်ခိုက် မတွေ့ဖူးသေးသော ဆားချိုသီးပင်ကို ကြည့်ချင်လှသော်လည်း အချိန်မလုံလောက်၍ မကြည့်ဖြစ်ခဲ့တော့ချေ။ ဆားချိုသီးပင်ကို မကြည့်ခဲ့ရသော်လည်း 'ဆင်ဖြူတော် ဆားချိုသီး' ကို အိမ်အပြန်လက်ဆောင် ဝယ်ဖြစ်ခဲ့ပါသေးသည်။

ကျောက်မဲမြို့မှ မန္တလေးမြို့သို့ အပြန်တွင် ကျောက်မဲမြို့အထွက်မှ နဂါးမောက်ခြံကို ဝင်ရောက်လေ့လာဖြစ်သည်။ နဂါးမောက်သီးသည် ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပထမဆုံးရောက်ရှိလာခြင်းဖြစ်သည်။ နဂါးမောက်သီးကို သိတာ၊ ကြားဖူးတာ မကြာသေးပါ။ အရသာကောင်းလှသော (အချို့က ဆေးဖက်ဝင်သည်ဟု ပြောသည်။) နဂါးမောက်သီးကို သဘောကျမိသည်။

အရသာနူးညံ့

အပင်မှ ချက်ချင်းခူးဆွတ်၍ လတ်လတ်ဆတ်ဆတ်ခွဲထားသော နဂါးမောက်သီးကို စားလိုက်ရသောအခါ အရသာရှိလှပြီး ရင်ထဲအေးသွားသည်။ အသီးပုံသဏ္ဌာန်က နဂါးအမောက်နှင့်တူ၍ ဘယ်လိုအသီးကြီးပါလိမ့်ဟု ထင်ရသော်လည်း အတွင်းသားကလှပြီး အရသာနူးညံ့သည်။ နဂါးမောက်သီးကို ကိုယ်တိုင်ခူး၍ ကိုယ်တိုင်ခွဲကျွေးသော နဂါးမောက်ခြံမှ မိန်းမချောလေးကို ကျေးဇူးတင်မိသည်နှင့်အမျှ သတိတရလည်း ရှိနေမိပါတော့သည်။ ။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မိုင်းယန်းမြို့ မြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ရေအားလျှပ်စစ်ဒိုင်နမို၊ ရေသွယ်ပိုက်၊ ခွဲစိတ်ခန်းသုံး မီးစက်၊ လျှပ်စစ်မီးကြိုး၊ ရုပ်မြင်သံကြားဖမ်းစက်နှင့် ဆန်အိတ်တို့ကို ပေးအပ်လှူဒါန်း၍ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စာစောင်များပေး

ဆက်လက်၍ မက်မန်းမြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးဝါးကုသမှု ခံယူလျက်ရှိကြသော လူနာများအား အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများကို ပေးအပ်၍ ဆိုလာခန်း၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဆေးရုံအတွက် ဆေးဝါးပစ္စည်းများနှင့် စာစောင်များကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ မိုင်းခတ်မြို့သို့ ရောက်ရှိပြီး မိုင်းခတ်တပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအားတွေ့ဆုံ၍ စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ဆက်လက်၍ မိုင်းခတ်မြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ မှာကြားကာ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် အားကစားပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည်ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး မိုင်းခတ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် မိုင်းယန်းမြို့သို့ ရောက်ရှိပြီး မြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ ဆေးဝါးပစ္စည်းများနှင့် အားကစားပစ္စည်းများကို ပေးအပ်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဖွံ့ဖြိုးတိုးတက်မှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် မိုင်းယန်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးပြီး မိုင်းယန်းတပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံကာ စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana နှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana နှင့်အဖွဲ့သည် ယမန်နေ့ နံနက် ၉နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (အပေါ်ပုံ)

တွေ့ဆုံ

ယင်းနောက် Mr. Tomas Ojea Quintana သည် နံနက် ၁၀နာရီ ၃၅မိနစ်တွင် တာမွေမြို့နယ် နတ်မောက်လမ်းရှိ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်ရုံး၌ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် Mr. Tomas Ojea Quintana သည် မွန်းလွဲ ၁နာရီတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ အများစုပါဝင်သော သံတမန်အဖွဲ့ဝင် ၃၆ဦးနှင့် ရန်ကုန်မြို့ရှိ မြရိပ်ညိုဟိုတယ်၌ တွေ့ဆုံသည်။

ဆက်လက်၍ Mr. Tomas Ojea Quintana သည် ညနေ ၃နာရီတွင် ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေများဖြစ်ကြသော ဦးကြည်ဝင်း၊ ဦးဉာဏ်ဝင်း၊ ဦးလှမျိုးမြင့်နှင့် ဒေါ်ခင်ဌေးကြွယ်တို့နှင့် တွေ့ဆုံသည်။

ယင်းနောက် Mr. Tomas Ojea Quintana သည် ညနေ ၄နာရီတွင် ရန်ကုန်တိုင်းမှ ခရိုင်တရားသူကြီးများဖြစ်ကြသော ဦးသောင်းညွှန့်နှင့် ဦးညီညီစိုးတို့အား ဆက်လက်တွေ့ဆုံသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် Mr. Tomas Ojea Quintana နှင့် အဖွဲ့ဝင်များအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုက မြရိပ်ညိုဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၁၈-၂-၂၀၁၀

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း + ကြေညာချက်
- ၇း၀၅ တရားတော် **(ပုဗ္ဗဏှသုတ်)** ဓမ္မပူဇာတေးပဒေသာ
- ၇း၂၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်းဆောင်းပါး
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၈း၃၀ လောကနီတိ အသိရှိစေဖို့ (ကိုယ်ကျင့်တရား အလေးအနက်ထား)
- ၈း၃၅ တေးပဒေသာ
- ၁၀း၀၀ မင်္ဂလာလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၂၅ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး ဘိုဖြူ
- ၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ (ကျည်ဆန်ရထား)
- ၁၁း၅၅ တေးသီချင်း
- ၁၂း၀၀ စံတော်ချိန် ဇာနည်စစ်သည် တေးပန်းချီ
- ၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (ကြည်ညိုသဒ္ဓါပွားရမည့် မန်းရွှေစက်တော်)
- ၁၂း၃၀ Music Talk (11) တေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ တေးပဒေသာ
- ၁၃း၃၀ အစီအစဉ်ပြီး၏။
- ၁၆း၀၀ အဖွင့်တီးလုံး + ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၂၀ ဆောင်းပါး
- ၁၆း၃၀ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (သမိုင်း) အမှတ်တရတေးလက်ဆောင်
- ၁၇း၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (နားလည်မှု) တေးပဒေသာ
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ ရေဒီယိုဇာတ်လမ်းတွဲများ (ပြာလွင်ကမ္ဘာအခရာ-ဇာတ်သိမ်းပိုင်း)
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ ညနေခင်းတေးပဒေသာ
- ၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ရေကောင်းရေသန့်)
- ၁၈း၄၀ တေးပဒေသာ
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၀၅ ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
- ၁၉း၃၀ သုတစုံကြွယ်သိစေဖွယ် (ကမ္ဘာ့ထူးခြားမှတ်တမ်းများ) (အပိုင်း-၄)
- ၁၉း၄၀ ရေဒီယိုအတိတ် တေးအရိပ်
- ၂၀း၀၀ ပြည်တွင်းသတင်း
- ၂၀း၂၀ ချမ်းမြေ့သာယာ သီရိဂေဟာ (ဇာတ်ညွှန်းငြိမ်းမင်းနဲ့ ဒေါ်နန်းခင်အေး)
- ၂၀း၅၀ သူ့လက်သံ-မြစတင်းရဲ့ ပတ္တလားလက်သံ စီးပွားရေး ဦးတည်ချက် ဆောင်းပါး (စာမေးပွဲအောင်ကြောင်း နည်းလမ်းကောင်း)
- ၂၁း၀၀ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
- ၂၁း၁၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။

❒ *ရှေ့ဖုံးမှ*

၂၀၀၉ခုနှစ် စက်တင်ဘာ ၈ရက်နေ့....။မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ကြီးကြပ်မှု၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအေး

"ယာမှ လယ်ပြောင်းပြီး မနောသုခစပါး ငါးဧက စိုက်တာ အောင်မြင်ပါတယ်"
ဦးဝင်းတင်(တောင်သူ)
ဂုံမင်းကျေးရွာ။

လွှင်၏ စီစဉ်ပေးမှုဖြင့် တောင်တွင်းကြီးမြို့နယ် ကသာကျေးရွာအနီးတွင် ကင်မွန်းတောင်ချောင်းအား တာပိတ်ကာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ တည်ဆောက်ခဲ့သည့် ကင်မွန်းတောင် ရေလှောင်တမံ၏ ဆည်ရေပေးဝေ စိုက်ပျိုးနိုင်မှုနှင့် ယာမှလယ်ပြောင်း စပါးစိုက်ခင်းများကို မျက်မြင်ကိုယ်တွေ့ ကွင်းဆင်းလေ့လာ၍ ပြည်သူများထံတင်ပြပေးရန် သတင်းအဖွဲ့ ထွက်ခွာခဲ့သည်။

စိမ်းလန်းစိုပြည်

မကွေး-တောင်တွင်းကြီးကားလမ်းမှာ ကတ္တရာလမ်းကောင်းဖြစ်သည့်အပြင် ကားလမ်းဘေးတစ်လျှောက် ဝဲယာတွင်လည်း မဲဇလီပင်၊ ယူကလစ်ပင်၊ အော်ရေးရှားပင်များကို သစ်တောဦးစီးဌာနမှ စိုက်ပျိုးပေးထားသဖြင့် စိမ်းလန်းစိုပြည်လျက်ရှိသည်။ သတင်းအဖွဲ့နှင့်အတူ တောင်တွင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်ပါ လိုက်ပါလာခဲ့သည်။

မိုးစပါး

တောင်တွင်းကြီးမှ အောင်လံမြို့အထွက် ခြောက်မိုင်အကွာ နေပြည်တော် လမ်းခွဲကျော်သည်နှင့် လေအသွဲ့တွင် ယိမ်းနွဲ့နေသည့် ရွှေရောင်ဝင်းဝါနေသော စပါးခင်းများ၊ ၄၅ရက်သားခန့်ရှိ စပါးပင်ပျိုစိုက်ခင်းများကို မော်တော်ကား

"ဆည်ရေရလို့ မိုးစပါး၊ နွေစပါးပါ စိုက်ပါတယ်"
ဦးမြင့်စိုး(တောင်သူ)
ဂုံမင်းကျေးရွာ။

လမ်းဘေး တစ်ဖက်တစ်ချက်တွင် တစ်မျှော်တစ်ခေါ် အားရစဖွယ် မြင်တွေ့ရသည်။ ကင်မွန်းတောင် ရေလှောင်တမံသည် တောင်တွင်းကြီးမြို့နှင့် ၁၆မိုင်ကွာဝေးသည်။ ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးစံသိန်းက တောင်တွင်းကြီးမြို့နယ် ဂုံမင်းကျေးရွာမှ ယာမြေကို လယ်မြေအဖြစ်ပြောင်းကာ ကင်မွန်းတောင်ဆည်ရေသောက် လယ်မြေအဖြစ် မိုးစပါးစိုက်ခင်းဧက ၂၀၀စိုက်ပျိုးထားကြောင်း ရှင်းပြသည်။

မိမိ၏ စပါးခင်းများကိုကြည့်ပြီး ပီတိဖြစ်ကာ မျက်နှာတွင်အပြုံးပန်းဝေနေသည့် အသက် (၇၀)အရွယ်ရှိ လယ်သမားကြီး ဦးထွန်းရွှေအား ယာမြေမှ လယ်မြေပြောင်း၍ စပါးစိုက်ပျိုးသဖြင့် အဆင်ပြေမှု ရှိ မရှိကို မေးမြန်းရာ "ဟာ....အဆင်ပြေပါတယ်။ မိုးစပါးရော နွေစပါးပါ သုံးဧက စိုက်ပါတယ်။ မိုးရေလည်း ရပါတယ်။ ဆည်ရေကလည်း အချိန်မရွေးဆိုတော့ စပါးအတွက်က ရေကိုပူစရာမလိုတော့ဘူးပေါ့ဗျာ။ စိုက်ပျိုးရေးဌာနကလည်း စိုက်ပျိုးရေးဆိုင်ရာတွေကို အမြဲသတိပေး၊ အသိပေးနေတော့ လယ်သမားတွေအားလုံး စိတ်ချမ်းသာကြပါတယ်။ စပါးစိုက်တာလည်း အဆင်ပြေတယ်။ အုတ်ဖုတ်လုပ်ငန်းလည်း လုပ်တယ်။ ပဲလှော်ဖိုလည်း ရှိတယ်။ ဈေးဆိုင်

လက်တံမြောင်း ၁၂ခုဖြင့် အလျား ၂၇မိုင်ကျော် ရေသွယ်မြောင်းများ ဖောက်လုပ်ကာ ဆည်ရေပေးဝေမှုကြောင့် တောင်တွင်းကြီးမြို့နယ် ပင်တိုင်ကျေးရွာလယ်မြေများ စပါးစိုက်ပျိုးထားရှိမှုကို ဤသို့ တွေ့ခဲ့ရသည်။
(မြန်မာ့အလင်း)

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ ၆၊ အမှတ် ၇တွင် အပတ်စဉ်ပါနေကျဖြစ်သော "Political Times" အထူးအချပ်ပိုအပါအဝင် ဤခရီးနီးပါသလား သယ်ယူပို့ဆောင်ရေးစနစ် မြှင့်တင်ရန်အားနည်း လိုအပ်ချက်များ အပေါ်မျက်နှာဖုံး သုံးသပ်ဆောင်းပါး၊ ခေတ်ဟောင်း သတင်းစာများက ပြောသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာမောင်စူးစမ်း၏ နိုင်ငံရေးအသေးစားနှင့် ဒေသပုံပြင်၊ ဆရာနှောင်ဦးရေးသားသည့် ကိုယ်ကျင့်တရားနှင့်နိုင်ငံရေး စသည့် နိုင်ငံရေးအတွေးအမြင် ဆောင်းပါးများ၊ ၂၀၁၀ နှစ်ဦးတွင် သဃ်န်းကျွန်းဈေးကြီးမီးအကြီးအကျယ်လောင်၊ မြန်မာ-တရုတ်ပူးပေါင်း၍ ရန်ကုန်မြို့ကို ကျောက်မီးသွေးဖြင့် မီးပေးနိုင်ရန်စီစဉ်၊ စက်သုံးဆီဈေးနှုန်းများ ပုဂ္ဂလိကပိုင်ပေးပြီးနောက် ဘာတွေကြုံနိုင်သလဲ၊ အမေရိကန်တက္ကသိုလ်များတွင် မဟာဘွဲ့ Fulbright ၂၀၁၀ ပညာသင်ဆုလျှောက်ထားနိုင်၊ စပါးဈေးမြင့်သဖြင့် ရန်ကုန်သို့ ဆန်အဝင်နည်းလာ၊ ၂၀၁၀အလွန်တွင် ဘဏ်လုပ်ငန်းများ ပုဂ္ဂလိကလုပ်ကိုင်ခွင့် ပိုမိုလိုအပ်လာ စီးပွားသုံးသပ်ဆောင်းပါး၊ ဒိုင်နာယာဉ်တွေ မြို့ပြင်ထုတ်တာကောင်းသလား Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့် ရပ်ကွက်မှ ဗုဒ္ဓဂယာဘုရားဖူးခရီး၊ လမ်းမခွဲကြေးက အရမ်းခံစားနေရတဲ့အချိန်မှာ ရေးဖြစ်ခဲ့တာပါ ဩရသနှင့် လိုတိုဗျူးစသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်သည်။

ဆဲလ်ဖုန်းအသုံးပြုခြင်းနှင့် ဦးနှောက်ကင်ဆာ အမှန်တကယ်ပင် ဆက်နွှယ်မှုရှိနေသလား၊ ဟိမဝန္တာရေခဲမြစ်များ အရည်ပျော်နိုင်ကြောင်း ပြောကြားချက်မှားယွင်းသဖြင့် ဝိုင်းဝန်းအပြစ်တင်၊ အီရန်၏ နျူအစီအစဉ်ကို ဖိအားပေးဆောင်ရွက်ရန် ကန်နှင့်အီတလီ ပူးတွဲကြေညာချက်ထုတ်၊ စီးပွားရေးနာလန်ထူမှု ပြန်မကျစေရန် ကားများ လျှော့ဈေးဖြင့် ရောင်းချမှုအစီအစဉ် တစ်လထပ်တိုး၊ ရုရှားရှိုင်းယားတွင် ဇနီးနှင့်သမီးကို သတ်ပြီး မိမိကိုယ်မိမိ ကြိုးဆွဲချသတ်သေမှုဖြစ်ပွား မှုခင်းရေးရာ ကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့ကဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

အထက်ပိုင်းဒေသများ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ပဲခူးတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၁၇ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် သာယာမည်။

ယာတွင်လည်း မဲဇလီပင်၊ ယူကလစ်ပင်၊ အော်ရေးရှားပင်များကို သစ်တောဦးစီးဌာနမှ စိုက်ပျိုးပေးထားသဖြင့် စိမ်းလန်းစိုပြည်လျက်ရှိသည်။ သတင်းအဖွဲ့နှင့်အတူ တောင်တွင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်ပါ လိုက်ပါလာခဲ့သည်။

မိုးစပါး

တောင်တွင်းကြီးမှ အောင်လံမြို့အထွက် ခြောက်မိုင်အကွာ နေပြည်တော်လမ်းခွဲကျော်သည်နှင့် လေအသွဲ့တွင် ယိမ်းနွဲ့နေသည့် ရွှေရောင်ဝင်းဝါနေသော စပါးခင်းများ၊ ၄၅ရက်သားခန့်ရှိ စပါးပင်ပျိုစိုက်ခင်းများကို မော်တော်ကား

"ဆည်ရေရလို့ မိုးစပါး၊ နွေစပါးပါ စိုက်ပါတယ်"
ဦးမြင့်စိုး(တောင်သူ)
ဂုံမင်းကျေးရွာ။

လမ်းဘေး တစ်ဖက်တစ်ချက်တွင် တစ်မျှော်တစ်ခေါ် အားရစဖွယ် မြင်တွေ့ရသည်။ ကင်မွန်းတောင် ရေလှောင်တမံသည် တောင်တွင်းကြီးမြို့နှင့် ၁၆မိုင်ကွာဝေးသည်။ ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးစံသိန်းက တောင်တွင်းကြီးမြို့နယ် ဂုံမင်းကျေးရွာမှ ယာမြေကို လယ်မြေအဖြစ်ပြောင်းကာ ကင်မွန်းတောင်ဆည်ရေသောက် လယ်မြေအဖြစ် မိုးစပါးစိုက်ခင်းဧက ၂၀၀စိုက်ပျိုးထားကြောင်း ရှင်းပြသည်။

မိမိ၏ စပါးခင်းများကိုကြည့်ပြီး ပီတိဖြစ်ကာ မျက်နှာတွင်အပြုံးပန်းဝေနေသည့် အသက် (၇၀)အရွယ်ရှိ လယ်သမားကြီး ဦးထွန်းရွှေအား ယာမြေမှ လယ်မြေပြောင်း၍ စပါးစိုက်ပျိုးသဖြင့် အဆင်ပြေမှု ရှိ မရှိကို မေးမြန်းရာ "ဟာ....အဆင်ပြေပါတယ်။ မိုးစပါးရော နွေစပါးပါ သုံးဧက စိုက်ပါတယ်။ မိုးရေလည်း ရပါတယ်။ ဆည်ရေကလည်း အချိန်မရွေးဆိုတော့ စပါးအတွက်က ရေကိုပူစရာမလိုတော့ဘူးပေါ့ဗျာ။ စိုက်ပျိုးရေးဌာနကလည်း စိုက်ပျိုးရေးဆိုင်ရာတွေကို အမြဲသတိပေး၊ အသိပေးနေတော့ လယ်သမားတွေအားလုံး စိတ်ချမ်းသာကြပါတယ်။ စပါးစိုက်တာလည်း အဆင်ပြေတယ်။ အုတ်ဖုတ်လုပ်ငန်းလည်း လုပ်တယ်။ ပဲလှော်ဖိုလည်း ရှိတယ်။ ဈေးဆိုင်

လည်း ဖွင့်ထားတယ်ဆိုတော့ စီးပွားရေးအဆင်ပြေပါတယ်" ဟု မြန်မာ့အလင်းသို့ ရယ်ရယ်မောမော ပြောပြသည်။

မိုးနှင့်နွေစပါး

မနောသုခစပါး ငါးဧကစိုက်သူ ဂုံမင်းကျေးရွာမှ အသက်(၅၅)နှစ်ရှိ



"မူလအကျိုးပြုဧရိယာ ဧက ၅၀၀၀ ထက်ကျော်ပြီး ၅၁၅၈ဧက စိုက်ပျိုးရေ ပေးဝေနေပါတယ်"
ဦးစံသိန်း(ဦးစီးအရာရှိ)
တည်ဆောက်ရေး(၄)၊
ဆည်မြောင်းဦးစီးဌာန။

တောင်သူဦးဝင်းတင်ကလည်း "ယာမှ လယ်ပြောင်းပြီး စပါးစိုက်ထားပါတယ်။ နွေစပါးလည်း စိုက်ပါတယ်။ မိုးစပါးကတော့ ဩဂုတ် ၁၇ရက်က စစိုက်တာ၊ စိုက်ပျိုးရေးက နည်းပညာတွေပေးတော့ အဆင်လည်းပြေပါတယ်။ ကင်မွန်းတောင်ဆည်ကလည်း ဆည်ရေပေးနေတော့ မိုးစပါးရော နွေစပါးပါ အောင်မြင်ပါတယ်။ အထွက်လည်း တိုးပါတယ်" ဟု ပြောကြားရာ စိတ်ချမ်းမြေ့ရပါသည်။

စပါးစိုက် လယ်မြေအတွင်း ပေါင်းရှင်းနေသော ဂုံမင်းကျေးရွာမှ လယ်သမားဦးမြင့်စိုးကို ထပ်မံတွေ့ဆုံ၍ မေးမြန်းရာ "လယ်မြေရှစ်ဧက စိုက်ပျိုးကြောင်း၊ ဆည်ရေ ပြည့်ပြည့်ဝဝရလို့ နွေစပါးရော မိုးစပါးပါစိုက်၍ မိသားစု အဆင်ပြေပြေနေရပါကြောင်း၊ ရေသွယ်မြောင်းများကိုလည်း ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်သွယ်ယူကြကြောင်း၊ စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့ကလည်း လိုအပ်တာတွေအားလုံးကို အကူအညီပေးတဲ့အပြင် ဓာတ်မြေဩဇာကိုလည်း လွယ်လွယ်ကူကူရရှိအောင် ဆောင်ရွက်ပေးလို့ ကျေးဇူးတင်ရှိပါကြောင်း" ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသည်။

တောင်တွင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက "တောင်တွင်းကြီးမြို့နယ်တွင် စပါးစိုက်ဧက တစ်သိန်းကျော်ရှိပါကြောင်း၊ မြို့နယ်အတွင်း ငမင်၊ ကန်တော်ကြီး၊ ကင်မွန်းတောင်၊ ရန်ပယ်၊

"ဆည်ရေရတာ သေချာတော့ နွေစပါးပါ စိုက်နေပါပြီ"
ဦးထွန်းရွှေ
အသက်(၇၀)ရှိ တောင်သူ
ဂုံမင်းကျေးရွာ။

ဘန်းကုန်းရေလှောင်တမံ ငါးခုရှိပြီး ခုံတိမ်နှင့် ဂုံတောဆည်ငယ် နှစ်ခုရှိကြောင်း၊ ဆည်ရေသောက် လယ်မြေဧက ၂၆၃၄၀ရှိပြီး ကျန်လယ်မြေများသည် မိုးကောင်းသောက် လယ်မြေများဖြစ်ကြောင်း၊ တောင်တွင်းကြီးမြို့အနေဖြင့် သတ်မှတ်လျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ပြီး အထွက်နှုန်းမှာလည်း စံချိန်မီ ကျော်လွန်ပါကြောင်း" ဖြင့် စပါးစိုက်ပျိုးထွက်ရှိပုံကို ပြောပြသည်။

ရေလှောင်ပမာဏ

ရောက်ရှိပါပြီ။ ကင်မွန်းတောင်ရေလှောင်တမံ....။ တည်ဆောက်ပြီးစီးသည်မှာ အနှစ် ၂၀နီးပါး ကြာမြင့်ပြီဖြစ်သော်လည်း စနစ်တကျ ပြုပြင်ထိန်းသိမ်းထားမှုကြောင့် သစ်လွင်တောက်ပလျက်ရှိသည်ကို တွေ့ရ၏။ ရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျားပေ ၁၆၈၀၊ တမံအမြင့် ၈၂ပေ ရှိကာ တမံထိပ်ဝအကျယ်ပေ၂၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၁၀၅၂၀ သိုလှောင်နိုင်ပြီး အသုံးပြုနိုင်သည့် ရေပမာဏသည် ဧကပေ ၉၈၈၀ဖြစ်ကြောင်း သိရသည်။

ဧက၅၀၀၀

ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးစံသိန်းက "မကွေးတိုင်း မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်ရှိ ကင်မွန်းတောင် ရေလှောင်တမံကို (ကန်ငယ်များ ဆည်မြောင်းစီမံကိန်းအသွင်ဖြင့်) ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ တည်ဆောက်ခဲ့ပြီး ၂၁-၁-၁၉၉၁ခုနှစ်တွင် ဆည်ရေပေးဝေ စိုက်ပျိုးရေး လုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လွှဲပြောင်းလက်ခံယူခဲ့ကြောင်း၊ အဆိုပါရေလှောင်တမံမှ ဆည်ရေဖြင့် လယ်ယာမြေဧက ၅၀၀၀ ကို နှစ်စဉ်နှစ်တိုင်း နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများအတွက် ဆည်ရေပေးဝေခဲ့ကြောင်း၊ နှစ်စဉ်ရွာသွန်းသည့် မိုးရေချိန်ပမာဏများကို စာရင်းပြုစုထားရှိရာ ၁၉၉၅ ခုနှစ်တွင် ၆၄ ဒသမ ၇၃ လက်မဖြင့် အများဆုံး မိုးရွာသွန်းရေကို သိုလှောင်နိုင်ခဲ့ကြောင်း၊ ၂၀၀၇ခုနှစ်တွင် ရေဝင်ပမာဏ ၃၂၆၈၃ ဧကပေ အများဆုံးရေဝင်မှု ရရှိခဲ့ကြောင်း၊ ၂၀၀၈-၂၀၀၉ခုနှစ်တွင် လက်ယာမြောင်း လက်တံ(၁)ကို တိုးချဲ့ဖောက်လုပ်ပေးခဲ့သဖြင့် လက်ယာမြောင်းဆည်ရေဖြင့် ၂၆၅၈ဧကနှင့် လက်ဝဲမြောင်းမှ ဧက ၂၅၀၀ စုစုပေါင်း ၅၁၅၈ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် စိစစ်ဧရိယာထက် ပြည့်မီကျော်လွန်စွာ ဆည်ရေပေးဝေ စိုက်ပျိုးနိုင်ခဲ့ကြောင်း" ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

အထောက်အကူပြု

တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင် ရေလှောင်တမံကို ပြုပြင်ထိန်းသိမ်းကာ ဆည်ရေများ နှစ်စဉ် လုံလောက်စွာ ပေးဝေနိုင်ခြင်း၊ တိုင်း၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့အစည်းများကို အဆင့်ဆင့် စနစ်တကျဖွဲ့စည်း၍ တောင်သူလယ်သမားများ၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ခြင်းတို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှုကို တစ်နှစ်ထက်တစ်နှစ် တိုးတက်စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ရာ ဒေသဆန်ဖူလုံရေးအပြင် မကွေးတိုင်း၏ မိုးစပါးဧက ၁၀သိန်း စီမံချက်ကိုလည်း အထောက်အကူပြုနိုင်ပြီ ဖြစ်ပါကြောင်း သတင်းမြင်ကွင်း တင်ပြလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**



၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း တိုးချဲ့ဖောက်လုပ်ပေးသည့် လက်ယာမြောင်း လက်တံ(၁)မှ လယ်မြေ ၂၆၅၈ဧကအတွက် ဤသို့ ဆည်ရေများ ပေးဝေခဲ့သည်။ (မြန်မာ့အလင်း)

တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင်ရေလှောင်တမံဆည်ရေဖြင့် ယာမှလယ်ပြောင်းစိုက်ဧက ၂၀၀ကို တောင်တွင်းကြီးမြို့နယ် ပင်တိုင်ကျေးရွာတွင် ဤသို့ မိုးစပါးစိုက်ပျိုးထားသည်။ (မြန်မာ့အလင်း)

...ခုဖြင့် အလျား ၂၇မိုင်ကျော် ရေသွယ်မြောင်းများ ...ပေးဝေမှုကြောင့် တောင်တွင်းကြီးမြို့နယ် ပင်တိုင် ...ပါးစိုက်ပျိုးထားရှိမှုကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင်ရေလှောင်တမံကို ပြုပြင်ထိန်းသိမ်းကာ ဆည်ရေများ နှစ်စဉ် လုံလောက်စွာ ပေးဝေနိုင်။ တိုင်း၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့အစည်းများကို အဆင့်ဆင့် စနစ်တကျဖွဲ့စည်း၍ တောင်သူလယ်သမားများ၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ခြင်းတို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှုကို တစ်နှစ်ထက်တစ်နှစ် တိုးတက်စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ရာ ဒေသဆန်ဖူလုံရေးအပြင် မကွေးတိုင်း၏ မိုးစပါးဧက ၁၀သိန်း စီမံချက်ကိုလည်း အထောက်အကူပြုနိုင်ပြီဖြစ်။

မကွေးတိုင်း မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကသာကျေးရွာအနီး ကင်မွန်းတောင်ချောင်းကိုပိတ်၍ တည်ဆောက်ထားသော လယ်မြေဧက ၅၀၀၀ကျော်အတွက် စိုက်ပျိုးရေပေးဝေနေသည့် ကင်မွန်းတောင်ရေလှောင်တမံ၏ ရေသိုလှောင်ထားရှိမှုမြင်ကွင်း....။ (မြန်မာ့အလင်း)



ကြေးမုံရိပ်သွင်

ခင်မာကြည်

မြန်မာနိုင်ငံ၌ ၁၉၉၄-၁၉၉၅ ခုနှစ်က ပြုလုပ်ခဲ့သော ငါးနှစ်အောက် ကလေးသေဆုံးမှုစစ်တမ်းအရ ငါးနှစ်အောက်ကလေးသေဆုံးမှုပေါင်း၏ ၁၅ ရာခိုင်နှုန်းမှာ မွေးစဝန်းကျင်သေဆုံးမှုများဖြစ်နေကြောင်း တွေ့ရှိရပါသည်။ မွေးစဝန်းကျင်သေဆုံးမှုကို ကျဆင်းအောင်ပြုလုပ်နိုင်ပါက နိုင်ငံတော်၏ အရေးပါသော ကျန်းမာရေးစံညွှန်းတစ်ခုဖြစ်သည့် ငါးနှစ်အောက်ကလေးသေနှုန်းကိုလည်း ထိရောက်စွာ ကျဆင်းစေနိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲကို တိုင်းတာကြရာတွင် ပညာရေးကဏ္ဍမှ ပညာရေးပေတံနှင့် တိုင်းတာကြရာ (Education for all) လူတိုင်းစာတတ်မြောက်ရေးဖြစ်ပါသည်။ ကျန်းမာရေးကဏ္ဍမှလည်း ကျန်းမာရေးပေတံနှင့် တိုင်းတာကြရာ တစ်နှစ်အောက် ကလေးသေနှုန်း၊ မီးတွင်းမိခင်သေနှုန်း၊ ငါးနှစ်အောက်ကလေးသေနှုန်းများနှင့် တိုင်းတာကြပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိတစ်နှစ်အောက်ကလေးသေနှုန်းမှာ အရှင်မွေး ၁၀၀၀လျှင် ၅၀ဖြစ်ပါသည်။ မီးတွင်းမိခင်သေနှုန်းမှာ အရှင်မွေး ၁၀၀၀လျှင် သုံးဦးနှုန်းဖြစ်ပါသည်။ ငါးနှစ်အောက်ကလေးသေနှုန်းမှာ အရှင်မွေး ၁၀၀၀ လျှင် ၆၇ဦးဖြစ်ပါသည်။ ဖော်ပြပါမွေးဖွားမှု၊ သေဆုံးမှုနှုန်းထားများကို လက်ရှိနှုန်းထားထက် လျော့နည်းကျဆင်းအောင်ပြုလုပ်နိုင်ရန်မှာ အရည်အသွေးပြည့်ဝ၍ကျွမ်းကျင်စွာ သားဖွားအတတ်ပညာကို တတ်မြောက်ထားသော သားဖွားဆရာမများနှင့် မွေးဖွားမှုသာလျှင် ဖွံ့ဖြိုးပြီးနိုင်ငံသို့ အမြန်ဆုံးရောက်ရှိနိုင်မည် ဖြစ်ပါသည်။

မွေးဖွားမှုအများစုမှာ အိမ်တွင် မွေးဖွားခြင်းဖြစ်ပြီး ကိုယ်ဝန်ဆောင်၊ မွေးကင်းစကလေးအများစုနှင့် ထိတွေ့ကြရသည်မှာ ကျွမ်းကျင်သော သားဖွားဆရာမများဖြစ်၍ မွေးကင်းစကလေးသေနှုန်း၊ မီးတွင်းမိခင်သေနှုန်းကျဆင်းရေးမှာ အဆိုပါ ကျန်းမာရေးဝန်ထမ်းတို့၏ လက်တွေ့ကျွမ်းကျင်မှုနှင့် အရေးပေါ်ဆေးရုံပို့ရန် လိုအပ်လျှင် စောစီးစွာ ပို့နိုင်ရေးအတွက် မှန်ကန်တိကျစွာ ဆုံးဖြတ်ချက်ချနိုင်မှုအပေါ်တွင် မူတည်နေပါသည်။ ထိုသို့ဆုံးဖြတ်ချက်ချနိုင်ရန် ကိုယ်ဝန်စောင့်ရှောက်ရာတွင် (Partograph) မွေးဖွားခြင်း ဖြစ်စဉ်ပြဇယားကို သားဖွားဆရာမတိုင်း (Must Know, Must Do) မလွဲမသွေ မှတ်တမ်းတင်ရန် အလွန်အရေးကြီးပါသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်နှင့် ကျွမ်းကျင်သော သားဖွားဆရာမတို့ နှစ်ဦးနှစ်ဖက် အပြန်အလှန် ပြုစုစောင့်ရှောက်မှုသည် အလွန်အရေးကြီးပါသည်။

ကလေးငယ်များ ကျန်းမာသန်စွမ်း၍ ပုံမှန်ဖွံ့ဖြိုးတိုးတက်ရေး အထူးဦးစားပေးပြောကြားလိုသည်မှာ (Growth & Development-Brain Development) ပုံမှန်ဖွံ့ဖြိုးတိုးတက်ရေးတွင် မိခင်နို့စနစ်တကျတိုက်ကျွေးခြင်းနှင့် (Exclusive Breast Feeding Six Months) မွေးစမှ သုံးနှစ်အထိ ကလေးကိုယ်အလေးချိန် ချိန်ခြင်းလုပ်ငန်း (Growth Monitoring) ကာကွယ်ဆေးထိုးလုပ်ငန်း (၃)ရပ်သည် အလွန်အရေးပါသော ကဏ္ဍကြီးတစ်ခု ဖြစ်ပါသည်။ မွေးကင်းစကလေးများသည် အလွန်နုနယ်ပြီး အမှားမခံနိုင်ပါ။ အမှားအယွင်း အနည်းငယ်မျှဖြင့် အသက်ဆုံးရှုံးခြင်း၊ ထာဝရလူစဉ်မမီတော့ခြင်းများ ဖြစ်တတ်ပါသည်။ ထို့ကြောင့် မွေးကင်းစမှ သုံးနှစ်အထိ ဤဆောင်းပါးပါ အချက်အလက်များအတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် မွေးကင်းစ ကလေးသေဆုံးမှု လျော့နည်းလာပြီး ကျန်းမာဖွံ့ဖြိုးဉာဏ်ရည်တိုးတက်သော ရင်သွေးငယ်များ ပိုမိုပေါ်ထွန်းလာလိမ့်မည်ဟု မျှော်လင့်မိပါသည်။

ကလေးမွေးလာသည်နှင့် တစ်ပြိုင်နက် မွေးစကလေးအခြေအနေကောင်း၊ မကောင်းဆန်းစစ်ခြင်း၊ အက်ပဂါစကိုး အခြေအနေ (APGARSCORE) အမှတ်ပေးနည်းအရ ကလေးအသံကျယ်စွာ ဝါးခနဲငိုလိုက်သည်နှင့် (၁၀)မှတ် အပြည့်ပေးလိုက်ပါ။ ပြီးလျှင် ကလေးအား ခြောက်သွေ့အောင်သုတ်ပြီး မိခင်နို့အုံနှင့်ကလေးပါးစပ်အား အမည်းကွင်းပါငုံအောင်စို့စေပြီး ကလေးအရေပြားနှင့် မိခင်အရေပြား ထိတွေ့နေပါစေ (Skin to Skin Contact)၊ မွေးပြီးစနာရီဝက် ဤကဲ့သို့ ဆောင်ရွက်ပေးခြင်းသည် မိခင်နှင့်ကလေးအား ချစ်ခြင်းမေတ္တာသံယောဇဉ် ခိုင်စေသည် (Bonding) သာမက ပထမဦးဆုံးထွက်သော နို့ဦးရည်ကြည်ထဲတွင် အဖိုးတန်သော ရောဂါပြီးခတ်များ ပါရှိသဖြင့် ကလေးတွင် တစ်ပြိုင်တည်းရရှိသွားပြီ ဖြစ်ပါသည်။

ကလေးမွေးမွေးချင်း တစ်ဖက်မှအထူးသတိထားရမည်မှာ (Hypothermia) မွေးစကလေး ကိုယ်အပူချိန် လုံးဝမကျဆင်းအောင် မွေးဖွားသည့် အခန်းအပူချိန် ထိန်းညှိရန် အထူးအရေးကြီးပါသည်။ သို့ရာတွင် စစ်ကိုင်းတိုင်း မုံရွာကဲ့သို့ ပူအိုက်သည့်မြို့များတွင် သာမန်မွေးဖွားမည့် အခန်းအပူချိန်သည် သင့်တော်ပါသည်။ ကလေးမွေးမွေးချင်း ရေမွန်းလျှင် (Resuscitation) စနစ်တကျ ပြုစုဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန် သားဖွားဆရာမနှင့် ကျန်းမာရေးဆရာမများအား ကျွမ်းကျင်သင်တန်းများ ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရန် မြို့နယ်အလိုက် ကျန်းမာရေးဝန်ကြီးဌာနမှ ပို့ချပေးပြီးဖြစ်ပါသည်။

မွေးကင်းစကလေး လူ့ဘဝထဲသို့ စတင်ဝင်ရောက်လာသည်နှင့်အမျှ မိခင်နှင့်သားဖွားဆရာမတို့သည် (My name is today) ကျွန်တော်၊ ကျွန်မနာမည်ယနေ့ပါပဲ ဆိုရိုးစကားနှင့်အညီ အကောင်းဆုံးအရာဟူသမျှကို ချက်ချင်းပေးဆပ်ကြရပါသည်။ မနက်ဖြန်သို့ ရွှေ့မနေပါနှင့်၊ ကလေးသည် အချိန်နှင့်တစ်ပြေးညီ ကြီးထွားလာပြီး ကလေး၏ ဦးနှောက်ဖွံ့ဖြိုးမှု သုံးပုံနှစ်ပုံခန့်သည် ကလေး အသက်နှစ်နှစ်တွင် ပြည့်စုံပြီးဖြစ်သည်မို့ မည်သည့်အရာကိုမျှ ဆောင်ရွက်ရန် နှောင့်နှေးမနေသင့်ပါ။

မိခင်တိုင်း မိမိသားသမီး ဉာဏ်ပညာထူးချွန်ထက်မြက်ခြင်းကိုသာ လိုလားကြသည်မို့ ကြေးမုံရိပ်သွင်(သို့မဟုတ်) ကလေးကိုယ်အလေးချိန်မှတ်တမ်း၊ ကာကွယ်ဆေးထိုးမှတ်တမ်းနှင့် လုပ်ငန်းစတင်ရတော့မည် ဖြစ်ပါသည်။ ကလေးကိုယ်အလေးချိန်မှာ ကလေးအသက်အလိုက် ရှိသင့်အလေးချိန် (Weight for age) ဖြစ်ပြီး အစိမ်းရောင်မှာ ကလေးအာဟာရအခြေအနေ၊ တစ်နည်းအားဖြင့် ကျန်းမာရေးအခြေအနေ ကောင်းမွန်ပြီးဖြစ်ပြီး အဝါရောင်မှာ အသင့်အတင့် အာဟာရချို့တဲ့ခြင်း၊ အနီရောင်မှာ ပြင်းထန်သော အာဟာရချို့တဲ့ခြင်းဖြစ်၍ အထူးဂရုစိုက် ပြုစုကုသရပါသည်။ မိခင်တိုင်း၏ လက်စွဲ စိမ်း၊ ဝါ၊ နီကတ်ပြားဖြစ်ပါသည်။ အလွန်တန်ဖိုးရှိ၍ ကြေးမုံရိပ်သွင်ဟု တင်စားထားခြင်း ဖြစ်ပါသည်။ ကလေး၏ အလေးချိန်သည် မည်သည့်အရောင်တွင်ရှိရှိ လစဉ်အလေးချိန် တိုးတက်မှုလမ်းကြောင်းသည် ပုံမှန်အလေးချိန်သို့ မြင့်တက်နေလျှင် ကျန်းမာရေးကောင်းမွန်နေပါသည်။ စိုးရိမ်စရာမလိုပါ။ ကလေးမွေးစ အလေးချိန် နှစ်ကီလိုခွဲကျော်ရပါမည်။ ဥပမာ-သုံးကီလိုဆိုပါက ပထမဆုံးအကွက်တွင် မှတ်တမ်းတင်ပါ။ မွေးစမှတစ်နှစ်အထိ လစဉ်ကိုယ်အလေးချိန်ပါ။ လစဉ် အနည်းဆုံး ကီလိုတစ်ဝက်တိုးရမည်။ တစ်နှစ်မှ သုံးနှစ်အရွယ်ကလေးများကို သုံးလတစ်ခါ အလေးချိန်ပါ သုံးလလျှင် အနည်းဆုံးကီလိုတစ်ဝက်တိုးရမည်။ တစ်ဖက်မှလည်း ကာကွယ်ဆေး ခုနစ်မျိုးကို (Schedule)အတိုင်း အကြိမ်ပြည့် ထိုးပါ၊ တိုက်ပါ။ ဝက်သက်ကာကွယ်ဆေးကိုမူ တစ်နှစ်ခြောက်လတွင် ထပ်မံထိုးပေးရဦးမည် ဖြစ်ပါသည်။

ကလေး ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရပါမည်။ ရေ/အချိုရည်စသည် လုံးဝမတိုက်ကျွေးရပါ။ မိခင်နို့ထဲတွင် ရေဆာပြေသည့်ဓာတ် အပြည့်အဝပါဝင်ပြီးဖြစ်ပါသည်။ ခြောက်လပြည့်လျှင် မိခင်နို့နှင့်အတူ ဖြည့်စွက်စာ စတင်ကျွေးရတော့မည်ဖြစ်ပါသည်။ ဤနေရာတွင် မိခင်သည် တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းရပါမည်။ မိခင် ယင်လုံအိမ်သာမှ အဆင်းတွင် လက်ကို ရေ၊ ဆပ်ပြာနှင့် အမြဲဆေးကြောရမည်။ လက်သည်းရှည် လုံးဝမထားရပါ။ ကလေးဖြည့်စွက်စာ မပြင်ဆင်မီ မိခင်လက်ကို ရေ၊ ဆပ်ပြာနှင့်စင်ကြယ်စွာ ဆေးကြောရမည်ဖြစ်သလို ကလေးဖြည့်စွက်စာကျွေးမည့် ဇွန်း၊ ပန်းကန်ခွက်ယောက်လည်း ရေ၊ ဆပ်ပြာနှင့် သန့်ရှင်းစင်ကြယ်စွာ ဆေးကြောပြီး ဖြစ်ရပါမည်။

ကလေးအသစ်အကြေး စွန့်ပြီးတိုင်း ကလေးဖင်နှင့် မိခင်လက်ကို ရေ၊ ဆပ်ပြာနှင့် စင်ကြယ်စွာ ဆေးကြောရန်လည်း အရေးကြီးပါသည်။ ကလေးကို အသက်ခြောက်လတွင် စတင်ကျွေးမည့် ဖြည့်စွက်စာမှာ ထမင်းရည်ဇွန်း တစ်ဇွန်း၊ နှစ်ဇွန်း ထည့်ကျွေးရမည်ဖြစ်ပြီး နေ့စဉ်မိခင်နို့နှင့် ဖြည့်စွက်စာ(၂-၃)ကြိမ် စတင်အကျင့်လုပ် ကျွေးခဲ့ရမည်ဖြစ်ပါသည်။ ဖြည့်စွက်စာတစ်ခါကျွေးတိုင်း ဆီ လက်ဖက်စားဇွန်း တစ်ဇွန်းထည့်ကျွေးရမည်ဖြစ်ပြီး ထိုသို့ထည့်ကျွေးရခြင်းမှာ ကလေးအတွက် တစ်နေ့တာလိုအပ်သည့် စွမ်းအင်ကို ဖြည့်စွက်သည့်အနေနှင့် ကယ်လိုရီဖြည့်ပေးခြင်းဖြစ်ပါသည်။ အခြားတစ်ဖက်မှလည်း ကလေးဦးနှောက် အသိဉာဏ်ပိုမိုထက်မြက်စေရန် အာလူး၊ ဟင်းသီးဟင်းရွက်၊ အသည်း၊ ပဲဟင်းချို၊ ကြက်ဥ၊ ဘဲဥ၊ အသား၊ ငါး၊ နို့၊ ငှက်ပျောသီးမှည့်၊ သင်္ဘောသီးမှည့်၊ ဒေသထွက်အစားအစာများကို ကလေးစားနိုင်အောင် ပြင်ဆင်ကျွေးမွေးရပါမည်။ အစာအုပ်စု(၃)အုပ်စုမှ "ပဲဟင်းချို၊ ကန်စွန်းရွက်၊ အမဲသားလို အင်အားတက်" ဆောင်ပုဒ်အတိုင်းနေ့စဉ်ကျွေးခဲ့ပါက ကလေးအသက် တစ်နှစ်ပြည့်လျှင် မိသားစုအားလုံးစားသောအစားအစာ၊ အပူအစပ်မှလွဲ၍ စားတတ်နေပြီ ဖြစ်ပါသည်။ အစားအစာချက်ပြုတ်ရာတွင် အိုင်အိုဒင်းဆား သုံးစွဲရပါမည်။

မွေးစမှ ခြောက်လအထိ အမိနို့တစ်မျိုးတည်း အချိန်ပြည့်တိုက်ကျွေးလျှင် အသက်ခြောက်လပြည့်က မွေးစကိုယ်အလေးချိန်၏ နှစ်ဆတိုးလာပြီး ဖြည့်စွက်အစာကိုသန့်ရှင်းစင်ကြယ်စွာ ကျွေးမွေးခြင်းဖြင့် တစ်နှစ်ပြည့်သောအခါ မွေးစကိုယ်အလေးချိန်၏ သုံးဆဖြစ်လာကာ ကျန်းမာရေးနှင့်ပြည့်စုံသော ဖွံ့ဖြိုးသည့်ကလေးတစ်ဦး ဖြစ်လာမည်ဖြစ်ပါသည်။

အသက်ခြောက်လပြည့်ပြီးနှင့် အသက်တစ်နှစ်အတွင်း ဗီတာမင်အေတစ်သိန်းအား (အပြာရောင်) ဆေးလုံးတစ်ကြိမ်စီတိုက်ကျွေးခြင်း၊ တစ်နှစ်မှငါးနှစ်အထိ ဗီတာမင်အေနှစ်သိန်းအား (အနီရောင်)ဆေးလုံးကို တစ်နှစ်လျှင် နှစ်ကြိမ်ပုံမှန်တိုက်ကျွေးခြင်းဆောင်ရွက်ရပါမည်။ မွေးပြီးမိခင်အား ဗီတာမင်အေ နှစ်သိန်းအား ၄၂ရက်မှ တစ်လအတွင်းတစ်တောင့်တိုက်ကျွေးရပါမည်။ ကိုယ်ဝန်ဆောင်သုံးလမှစ၍ (Mebendazole) သန်ချဆေးတစ်လုံး တိုက်ကျွေးရပါမည်။ ကလေးအသက် နှစ်နှစ်မှ (၁၀)နှစ်အထိ(Albendazole) သန်ချဆေး တစ်လုံး တိုက်ကျွေးရပါမည်။ ရင်သွေးငယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်အရွယ်အလိုက် သင့်တော်သော အားကစားနည်းတစ်ခုခုကိုလည်း ကစားစေရမည် ဖြစ်ပါသည်။

ကလေးငယ်များတွင် အဖြစ်များသည့် ဝမ်းပျက်ဝမ်းလျှော မဖြစ်အောင် သန့်သန့်ရှင်းရှင်းနေထိုင်စေကာ ကလေးဝမ်းသွားပြီးတိုင်း ရေ၊ ဆပ်ပြာနှင့် စင်ကြယ်စွာ ဆေးကြောပေးရပါမည်။ ယင်နားစာများ မကျွေးရပါ။ ဝမ်းပျက်ဝမ်းလျှောဖြစ်လျှင် ဓာတ်ဆားရည်တိုက်ခြင်း၊ အရည်များများတိုက်ခြင်း၊ အစာဆက်ကျွေးခြင်း၊ မိခင်အားလည်း ဓာတ်ဆားရည်တစ်ထုပ်ကို ရေကျက်အေး (သို့မဟုတ်) သောက်ရေသန့် (တစ်လီတာ) ရေသန့်ပုလင်းဖြင့် ဖျော်နည်းသင်ထားခြင်း၊ မူလအလေးချိန် ပြန်ရောက်သည့်အထိ အစာကိုပိုမိုကျွေးခြင်း၊ တစ်နှစ်လျှင်တစ်ကြိမ် ကလေးအားသန်ချခြင်းများ ဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

ကလေးကို ငှက်ဖျား၊ သွေးလွန်တုပ်ကွေးမဖြစ်ရန် ခြင်ထောင်ထောင်၍ သိပ်ရမည်။ ချည်သားအင်္ကျီရှည်၊ ဘောင်းဘီရှည် ဝတ်ပေးရမည်။ ရေမြောင်းများကို ရေစီးရေလာကောင်းအောင် ဆောင်ရွက်ရမည်။ ဘုရားညောင်ရေအိုးနေ့စဉ် ရေလဲပေးရမည်။ ဖုံး၊ သွန်၊ လဲ၊ စစ် အိမ်အတွင်းရှိ ရေအိုး၊ ရေကန်များကို အဖုံးလုံအောင် ထားရမည်။ အိမ်ပတ်ဝန်းကျင် သန့်ရှင်းရပါမည်။ ဖျားသောကလေး ကယောင်ကတမ်းဖြစ်လျှင် (သို့မဟုတ်) ကော်ဖီရောင်အန်လျှင် နီးရာကျန်းမာရေးဝန်ထမ်း၊ ဆေးရုံ၊ ဆေးခန်းသို့ အရေးပေါ်ပြသရန် လိုအပ်ပါသည်။

နှာစေး၊ ချောင်းဆိုး၊ အအေးမိသောကလေးတွင် နို့မစို့နိုင်၊ အရည်မသောက်နိုင်လျှင် အဆုတ်အအေးမိရောဂါ (နမိုးနီးယား) ဖြစ်နိုင်ပါသည်။ အသက်အန္တရာယ်စိုးရိမ်ရသဖြင့် နီးရာကျန်းမာရေးဝန်ထမ်းနှင့် ပြသရပါမည်။ ယခုခေတ်စားနေသော A (H1N1)ကမ္ဘာ့လူတုပ်ကွေးရောဂါကိုလည်း အထူးသတိထား စောင့်ကြည့်ရပါမည်။

အထက်ပါအချက်များသည် ကလေး၏ ကြီးထွားမှု၊ ဦးနှောက်အသိဉာဏ်ဖွံ့ဖြိုးမှု၊ ကျန်းမာရေးအခြေအနေအားလုံးကို "ကြေးမုံရိပ်သွင်" ထင်ဟပ်နေပါသဖြင့် တန်ဖိုးမဖြတ်နိုင်သော စိမ်း၊ ဝါ၊ နီ သုံးရောင်ခြယ် ကလေးကိုယ်အလေးချိန်မှတ်တမ်းဖြင့် ဉာဏ်ရည်ထက်မြက်သော သားသမီးများဖြစ်လာအောင် ပြုစုပျိုးထောင်ကြရန် လိုအပ်ပါသည်။ အထူးတင်ပြလိုသည်မှာ (Good Team Management & Good Team Work) ဖြစ်ပါ၍ Top to Bottom TMO (မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး)၊ THN [မြို့နယ်သူနာပြုအဆင့် (၁)]၊ LHV (ကျန်းမာရေးဆရာမ)များမှ MW (ကျွမ်းကျင်စွာ တတ်မြောက်ထားသော သားဖွားဆရာမ)များကို Supportive Supervision ပေးရန်လိုအပ်ပါကြောင်း မျိုးဆက်သစ် ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် ဘက်စုံသားဖွားဆရာမများ၏ ကြိုးစားအားထုတ်မှုဖြင့် အမိမြန်မာနိုင်ငံတော် ဖွံ့ဖြိုးပြီးနိုင်ငံကြီးဆီသို့ မကြာမီရောက်ရှိရန်အတွက် အကောင်းဆုံးလက်ဆောင်အဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ။

တာမွေမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်မြင့်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဝင်း၊ နတ်ချောင်းရပ်ကွက် ဥက္ကဋ္ဌ ဦးဘမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးမြဲအောင်နှင့် တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၀ရက်က ရပ်ကွက်အတွင်း မီးသုံးစွဲမှုများ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြစဉ်။ (၁၇၁)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၂-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ အကပြိုင်ပွဲ
- ၈:၁၀ ၇။ တေးဂီတအစီအစဉ်
- ၈:၂၀ ၈။ နိုင်ငံ့စီးပွား အလေးထားကျေးလက်ထုတ်ကုန်များ
- ၈:၃၀ ၉။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ **ငှက်တစ်သောင်း**
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ပုသိမ် မုန့်စက်ရုံ
- ၄:၃၀ ၄။ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဓာတုဗေဒဘာသာရပ်)
- ၅:၀၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၅ ၆။ အတီးပြိုင်ပွဲ
- ၅:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅:၂၀ ၈။ သီချင်းကြီးပဒေသာ
- ၅:၂၅ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၃၅ ၁၀။ Haydn Suite (ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများ) T.T.C Symphony Orchestra
- ၅:၄၀ ၁၁။ စူပါတေးသံရှင်ရွေးချယ်ပွဲ
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဆော့
- ၆:၃၀ ၁၅။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇:၀၀ ၁၆။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၇:၃၅ ၁၇။ အလင်္ကာဝတ်ရည် မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)
- ၂၀။ အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (တနင်္သာရီတိုင်း)
- ၂၁။ နိုင်ငံတကာသတင်းများ
- ၂၂။ မိုးလေဝသအခြေအနေ
- ၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၂၁)
- ၂၄။ မြန်မာဗီဒီယိုဇာတ်လမ်း **နတ်ပန်းချီ** မင်းမော်ကွန်း၊ ခိုင်သင်းကြည် (ဒါရိုက်တာ-အောင်ဗပါဝါ)
- ၂၅။ အစီအစဉ်ပြီး၏။

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

ဘားအံနှင့် လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ဆေးရုံ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဖေဖော်ဝါရီ ၉ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများအားတွေ့ဆုံရာ ဆေးရုံအုပ်ကြီးက ဝန်ထမ်းအင်အား၊ ကုသရေးဌာနများနှင့် ကုသမှုအထောက်အကူပြုဌာနများ၏ လုပ်ငန်းများ၊ အတွင်းလူနာများ တက်ရောက်ကုသမှုအခြေအနေ၊ စရိတ်မျှပေး ကျန်းမာရေးစနစ်ဆောင်ရွက်မှု၊ အခမဲ့ဆေးကုသပေးမှုအခြေအနေ၊ အထူးကုဆရာဝန်ကြီးများ ကျေးရွာများသို့ ကွင်းဆင်းကုသပေးမှု အခြေအနေနှင့် ဆေးပဒေသာပင် စိုက်ထူထားရှိမှုအခြေအနေတို့ကို တင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၏ ရောဂါရှာဖွေရေးလုပ်ငန်းများတွင် မှန်ကန်တိကျရေးအတွက် ကောင်းမွန်သော အကဲဖြတ်ဆန်းစစ်မှုများ အစဉ်အမြဲလုပ်ဆောင်ရန် မှာကြားပြီး ဆေးသိုလှောင်ခန်း၊ သွားနှင့်ခံတွင်းကုသမှုဌာန၊ ရောဂါရှာဖွေရေးဌာန၊ အထူးကြပ်မတ်ကုသဆောင်၊ ပင်မခွဲစိတ်ခန်း၊ ဓာတ်မှန်ဌာန၊ ဆေးကုသဆောင်များ၊ ခွဲစိတ်ကုသဆောင်များနှင့် အထူးကြပ်မတ်ကုသဆောင် (Intensive Care Unit) တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး မြို့နယ်ဆရာဝန်နှင့် ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် အခြေခံကျန်းမာရေး ဝန်ထမ်းများအား တွေ့ဆုံပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဒုတိယဝန်ကြီးသည် ညနေပိုင်းတွင် ဘားအံမြို့နယ် အိန္ဒုတိုက်နယ် ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အတွင်းလူနာများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယအကြိမ်မြောက် အင်းလေးသစ်ခွပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ ဒုတိယအကြိမ်မြောက် အင်းလေးသစ်ခွပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၃ရက် နံနက် ၉နာရီက ညောင်ရွှေမြို့ ဟူပင်ဟိုတယ်ခန်းမ၌ ကျင်းပသည်။

ပေါင်းစပ်ညှိနှိုင်း

ရှေးဦးစွာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက အဖွင့်အမှာစကားပြောကြားပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအသီးသီးမှ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ပြပွဲကျင်းပမည်

အဆိုပါ သစ်ခွပြပွဲကို ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်လျက်ရှိသော အင်းလေးဒေသ ညောင်ရွှေမြို့ မေပေါ်နန်းဟိုတယ်၌ ဧပြီ ၃ရက်မှ ၅ရက်အထိ ပြပွဲကျင်းပမည်ဖြစ်သည်။ (ပြည်နယ် ပြန်/ဆက်)

မန္တလေး အလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်ဖြူဝင်း ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာနိုင်ငံ ရုံးခွဲတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ ကျန်းမာရေးဝန်ဆောင်မှုနှင့် ငွေကြေး အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ကျောက်တန်း အထက ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်

ကျောက်တန်း ဖေဖော်ဝါရီ ၁၆

ကျောက်တန်း အထက ကျောင်းသားဟောင်းများ၏ (၂၅)ကြိမ်မြောက် ငွေရတုအာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၁၁နာရီက ကျောက်တန်းမြို့ အသောကာရာမ ပရိယတ္တိစာသင်တိုက် သာသနဝေပုလ္လဓမ္မာရုံ၌ ကျင်းပသည်။

ပူဇော်ကန်တော့

အာစရိယပူဇော်ပွဲသို့ ကန်တော့ခံဆရာ ဆရာမကြီး ၉၇ဦးတို့ တက်ရောက်ကြပြီး အသက် (၈၀)နှင့်အထက် ဆရာ ဆရာမကြီး ၁၄ဦးတို့အား ပူဇော်ငွေကျပ်ခြောက်သောင်းစီနှင့် လှူဖွယ်ပစ္စည်းများဖြင့်လည်းကောင်း၊ ကျန်ဆရာ ဆရာမ ၈၃ဦးတို့အား ပူဇော်ငွေကျပ်သုံးသောင်းစီနှင့် လှူဖွယ်ပစ္စည်းများဖြင့်လည်းကောင်း ပူဇော်ကန်တော့ကြသည်။ **(အောက်ပုံ)**

စိုက်ထူခဲ့

ထို့နောက် ဘက်စုံထူးချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုများ ချီးမြှင့်ကြသည်။ ကျောက်တန်း အထက ကျောင်းသားဟောင်းများ၏ (၂၅)ကြိမ်မြောက် ငွေရတုအာစရိယပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် အာစရိယပူဇော်ပွဲကျင်းပရန်အတွက် ငွေပဒေသာပင် ကျပ်သိန်းတစ်ရာကျော် စိုက်ထူကြသည်။ **(၁၁၅)**

ထူးခြားသည့် ညအပူချိန် ၁၆-၂-၂၀၁၀		
	နမ့်စန်မြို့	၄ ဒီဂရီစင်တီဂရိတ်
	မချမ်းဘောမြို့	၅ ဒီဂရီစင်တီဂရိတ်
	ဟဲဟိုးမြို့	၅ ဒီဂရီစင်တီဂရိတ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ၂၀၀၉ ခုနှစ် နှစ်ပတ်လည် အစည်းအဝေး အတွက် စေတနာရှင် အလှူရှင်များက အလှူငွေပေးအပ်လှူဒါန်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၀၉ခုနှစ် နှစ်ပတ်လည် အစည်းအဝေးအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်နီနီဝင်း၊ ဒေါ်မြသီဂီနှင့် ဒေါ်ခင်မိမိ၊ ဥက္ကဋ္ဌ ဒေါက်တာဒေါ်မြင့်ကြည်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စေတနာရှင်၊ အလှူရှင် ၃၄ဦးတို့က အလှူငွေစုစုပေါင်း ငွေကျပ် ၃၈၂၇၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ နာယကအဖွဲ့ဝင်များနှင့် ဥက္ကဋ္ဌတို့က လက်ခံကြပြီး အလှူရှင်များနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည့် Asia World Co. တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်မြင့်ကြည်က ကျေးဇူးတင်စကား ပြောကြားသည်။ **(သတင်းစဉ်)**

မန္တလေးအလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုများ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)နှင့် ရုပ်ရှင်လုပ်ငန်းရုံးခွဲတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား စမ်းသပ်စစ်ဆေးကုသ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

အလုပ်သမားဝန်ကြီးဌာန မန္တလေး အလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဖြူဝင်း ဦးဆောင်သော အထူးကု ဆရာဝန်ကြီးများနှင့်အဖွဲ့သည် ယနေ့တွင် မန္တလေးမြို့ရှိ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)နှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာနိုင်ငံ ရုံးခွဲတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်ခြင်း လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြကြောင်း၊ အဆိုပါ အထူးကုဆရာဝန်ကြီးများ အဖွဲ့တွင် သမားတော်ကြီး ဒေါက်တာခင်စန်းတင့်၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာစိုင်းအောင်စိန်၊ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာကျော်စိုး၊ မျက်စိအထူးကု ဆရာဝန် ဒေါက်တာ ဝင်းလှိုင်၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး ဒေါက်တာခင်လှလှ၊ သားဖွားမီးယပ် အထူးကုဆရာဝန် ဒေါက်တာမျိုးမျိုးအောင်မူး၊ သွားဘက်ဆိုင်ရာ ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ကျွမ်းကျင် ကျန်းမာရေးဝန်ထမ်းများ ပါဝင်ကြကာ ဝန်ထမ်းများနှင့် မိသားစုဝင် ၁၅၇ဦးတို့အား စမ်းသပ်စစ်ဆေးကုသ၍ လိုအပ်သောဆေးဝါးများပေးအပ်ခြင်း၊ ဆေးရုံတက်ရောက် ကုသမှုပေးရန် လိုအပ်သောဝန်ထမ်း ၂၄ဦးအား မန္တလေးအလုပ်သမားဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုဆောင်ရွက်စေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။

ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဖြူဝင်းက အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ ကျန်းမာရေးဝန်ဆောင်မှုနှင့် ငွေကြေးအကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေး အသိပညာပေး မေးခွန်းများဖြေဆိုနိုင်သည့် ဝန်ထမ်းသုံးဦးတို့အား ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘက်ထရီအားသွင်းရာမှ အပူချိန်လွန်ကဲ ဘားအံမြို့ (၂)ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

ဘားအံ ဖေဖော်ဝါရီ ၁၆

ဘားအံမြို့ အမှတ်(၂)ရပ်ကွက် ဈေးတန်းလမ်းနှင့် မြေတံတားလမ်းထောင့်ရှိ ဦးဟာမွတ် နေအိမ်မှစတင်၍ ဖေဖော်ဝါရီ ၆ရက် နံနက် ၄နာရီ ၁၅မိနစ်က မီးစတင်လောင်ကျွမ်းရာ ဦးဟာမွတ်၊ ဦးဝင်းကြိုင်၊ ဦးဇော်ဝင်းတို့ နေအိမ်များနှင့် ဒေါက်တာဒေါ်ဖြူဖြူဝင်း ဆေးခန်းများ မီးလောင်ကျွမ်းသွားသဖြင့် အိမ်ထောင်စု လေးစု၊ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ကိုးဦးတို့ အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့သည်။

မီးအားကောင်း

မီးစတင်လောင်ကျွမ်းပုံမှာ ဦးဟာမွတ် နေအိမ်တွင် ဘက်ထရီအားသွင်းစက်ကို အားသွင်းထားရာ အိပ်ပျော်သွား၍ အပူလွန်ကဲကာ စတင်လောင်ကျွမ်းပြီး အနားတွင် သင်္ဘောဆေးဘူးများ၊ တင်နာဘူးများရှိနေခြင်းကြောင့် မီးအားကောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ ဘားအံမြို့မ ရဲစခန်းမှ (ပ)၄၂/၂၀၁၀ ပြစ်မှုပုဒ်မ ၂၈၅ အရ အရေးယူထားသည်။ **(၀၀၈)**

အထက(၁) ဒဂုံ ပြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

၁၉၇၅-၂၀၀၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် (၆၀)ပြည့် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ပါဝင်တက်ရောက်ကြပါရန်နှင့် အလှူငွေလှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများသည် သီရိမာ(၇၈) ဖုန်း-၀၉-၅၀-၂၁၂၄၁၊ နုနုရီ(၇၉) ဖုန်း-၀၉-၅၁-၇၈၄၀၇၊ မြတ်စိုးဝင်း (၇၉) ဖုန်း-၀၉-၅၁-၂၆၇၇၅၊ ဇော်မင်းဦး(၈၆) ဖုန်း-၀၉-၅၀-၀၂၅၇၁၊ ကေခိုင်လင်း(၉၀) ဖုန်း-၀၉-၅၁-၂၇၂၁၅၊ ချိုလေးလွင်(၉၁) ဖုန်း-၀၉-၉၉-၇၂၅၈၀၊ သားစိုး(၉၇) ဖုန်း-၀၉-၅၁-၄၀၂၁၀၊ ဇော်မောင်မောင်ကျော်(၉၄) ဖုန်း-၀၉-၅၄-၁၀၃၇၄၊ ကျော်သူစိုး(၉၉) ဖုန်း-၀၉-၅၁-၆၆၂၉၄၊ အောင်သူထွန်း(၉၀) ဖုန်း-၀၉-၈၆-၁၄၈၀၀၊ ရဲမင်းလွင်(၀၂) ဖုန်း-၀၉-၅၅-၀၄၅၉၄၊ အောင်ကိုကို(၉၀) ဖုန်း-၀၉-၅၄-၀၄၅၄၅၊ ကျော်စွာဝင်း(၉၀) ဖုန်း-၀၉-၅၁-၁၂၂၃၊ ရဲမျိုးသွင်(၈၆) ဖုန်း-၀၉-၅၀-၂၈၇၈၁နှင့် အေးအေးမျိုး(၉၇) ဖုန်း-၀၉-၅၀-၁၆၆၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မီးဖို မီးကြွင်း မီးကျန် သတိပြုရန် နှိုးဆော်ချက်

- သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။
- သင့်မိသားစုဝင်အားလုံးအပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများ ရှိပါက မီးကိုပိတ်၊ ပလပ်ကို ဖြုတ်၊ မိန်းခလုတ်(Main Switch)တို့ကို ချထားပြီးမှ အပြင်သို့ ထွက်သွားခြင်းအား သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။
- မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ရန်ကုန်ကွန်ပျူတာတက္ကသိုလ်

Advanced ICT Engineer Training (၂၄)ပတ်သင်တန်း အပတ်စဉ်(၄)
နှင့်
Wireless and Mobile Computing (WiMC) (၁၆)ပတ် သင်တန်းအပတ်စဉ်(၁)အတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှိုင်)တွင် အိန္ဒိယ-မြန်မာပူးပေါင်းဆောင်ရွက်လျက်ရှိသော India-Myanmar Centre for Enhancement of Information Technology Skills (IMCEITS) သင်တန်းဌာနတွင် Advanced ICT Engineer Training သင်တန်းများ ဖွင့်လှစ်လျက်ရှိပါသည်။

၂။ Advanced ICT Engineer Training (၂၄)ပတ်သင်တန်းများတွင် Advanced ICT Engineer Training for Software Development ဘာသာရပ်များသင်ကြားမည်ဖြစ်ပါသည်။ မိမိနှစ်သက်ရာ ပရိုဂရမ်စွမ်းရည်ပေါ် အခြေခံ၍ (Java Programming Course)နှင့် (MS.Net Programming Course)ဟူ၍ နှစ်မျိုးခွဲခြားသင်ကြားမည်ဖြစ်ရာ ကြိုက်နှစ် သက်ရာသင်တန်းအား လျှောက်ထားနိုင်ပါသည်။ အဆိုပါသင်တန်းများတွင် Software Program များအား မိမိကိုယ်တိုင်တာဝန်ယူ၍ ရေးသားနိုင်ရန် သင်ကြားမည်ဖြစ်ပါသည်။

၃။ နည်းပညာသစ်အနေဖြင့် (၁၆)ပတ်ကြာ သင်ကြားမည့် Wireless and Mobile Computing (WiMC) သင်တန်းအသစ်အား တိုးချဲ့ဖွင့်လှစ်မည်ဖြစ်ရာ ၄င်းသင်တန်းတွင် ကွန်ပျူတာပရိုဂရမ်ဖြင့်ရေးသားထားသော Java Mobile Programming (J2ME)၊ WinCE.Net Programming ဘာသာရပ်များနှင့် Mobile နည်းပညာဆိုင်ရာဘာသာရပ်များအား Mobile Phones များပေါ်တွင် သင်တန်းသားများကိုယ်တိုင် လက်တွေ့ ရေးသား ထည့်သွင်းအသုံးပြုနိုင်သော Mobile Applications Program များ တည်ဆောက်နိုင်သည်အထိ စာတွေ့၊ လက်တွေ့ ပေါင်းစပ်သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။

WiMC သင်တန်းအား အိန္ဒိယ-မြန်မာသင်တန်းဌာန (IMCEITS)နှင့် ဂျပန်-မြန်မာသင်တန်းဌာန (ICTTI) တို့မှ Software Development (Java Programming) သင်တန်းတက်ရောက်အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။

၄။ သင်တန်းများပြီးဆုံးပါက အိန္ဒိယနိုင်ငံ C-DAC (Centre for Development of Advanced Computing) Training School နှင့် မြန်မာနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်တို့မှ ပူးပေါင်း၍ပေးအပ်မည့် လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချနိုင်သည့် ဘွဲ့လွန်ဒီပလိုမာ အောင်လက်မှတ်များ ပေးအပ်မည်ဖြစ်ပါသည်။

၅။ သင်တန်းများအား လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များ ပြည့်စုံသူဖြစ်ရမည်။
(က) B.C.Sc./B.C.Tech./B.Tech.(IT)/B.E.(IT)/M.I.Sc./M.A.Sc./M.C.Sc./M.C.Tech./M.E.(IT)ဘွဲ့ တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။
(ခ) မိမိနှင့်တကွ မိဘနှစ်ဦးလုံး ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ဂ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများအား အောင်မြင်စွာ ဖြေဆိုနိုင်သူဖြစ်ရမည်။
(ဃ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်နေသူဖြစ်ပါက ဝန်ကြီးဌာနက သတ်မှတ်ပေးထားသော ကတိခံဝန်ချက်များအား လက်မှတ်ရေးထိုးနိုင်သူဖြစ်ရမည်။
(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက လျှောက်ထားလိုသူများသည် မိမိတို့သက်ဆိုင်ရာဌာန အကြီးအကဲ၏ သင်တန်းတက်ရောက်ခွင့်ပြုကြောင်း ခွင့်ပြုအမိန့်စာ ပါရှိရမည်။
(စ) သက်ဆိုင်ရာ ရပ်ကွက်/ရဲစခန်းမှ သုံးလထက် မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာများအား သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲလျှောက်ထားရမည်။

၆။ သင်တန်းလျှောက်ထားသူများသည် အောက်ပါအတိုင်း Online ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည်။

နေ့ရက်	စာမေးပွဲ	အချိန်	နေရာ
၃၀-၃-၂၀၁၀ရက်	Online ဝင်ခွင့်စာမေးပွဲ	နံနက်(၉း၀၀)နာရီ မှ စတင်၍	IMCEITS သင်တန်းဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှိုင်)

၇။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှိုင်) IMCEITS သင်တန်းဌာနနှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှော်ကား)ကျောင်းသားရေးရာဌာနတို့တွင် ၁၉-၃-၂၀၁၀ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၈။ အခြားသိရှိလိုသည်များရှိပါက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှိုင်)၊ IMCEITS သင်တန်းဌာန၊ ဖုန်း-၀၁-၆၆၂၃၂၉၊ ၀၁-၆၅၂၅၂၉တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်သည်။

နီလာ အပြည်ပြည်ဆိုင်ရာခရီးသွားကုမ္ပဏီ၊ မအေးအေးမော်ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

(၁၁)ညအိပ် ၁၂ရက်-ဗုဒ္ဓဂယာ+သံဝေဇနိယလေးဌာန(ဖွား+ပွင့်+ဟော+စံ) ကျပ်ကိုးသိန်း စရိတ်ငြိမ်း (India Air Line)
(၁၄)ညအိပ် ၁၅ရက်-သံဝေဇနိယလေးဌာန+အဝိဇဟိတလေးဌာန+နယူးဒေလီ (3 Stars Hotel)+(တပ်ချိမဟာ+ဝင်ကြေး)ကျပ်၁၀သိန်း စရိတ်ငြိမ်း
(၁၇)ညအိပ် ၁၈ရက်- သံဝေဇနိယလေးဌာန+အဝိဇဟိတလေးဌာန+နယူးဒေလီ (3 Stars Hotel)+(တပ်ချိမဟာ+ဝင်ကြေး)+ ကိုလ်ကတ္တား(Shopping+ဗဟုသုတရစရာနေရာများ)ကျပ် ၁၀ သိန်း ငါးသောင်းစရိတ်ငြိမ်း (India Air Line) နိုင်ငံကူးလက်မှတ်မရှိသူများ အနည်းဆုံး ၃၅ရက် ကြိုတင်ပြုလုပ်ရမည်ဖြစ်ပါသည်။ မိမိကြိုက်နှစ်သက်သော ခရီးစဉ်နှင့်နေ့ရက်ကိုရွေးချယ်ပြီး စရန်ငွေ ကျပ်တစ်သိန်း သာပေးသွင်း၍ စာရင်းပေးသွင်းထားနိုင်ပါသည်။ ခရီးစဉ်မလိုက်ဖြစ်ပါက စရန်ငွေ(လုံး၀)မဆုံးရှုံးပါ။

နိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများ အထူးဈေးနှုန်း

(၂၆-၂-၂၀၁၀)ရက်(၁၈)ရက်ခရီး စရိတ်ငြိမ်း ကျပ် ၁၀သိန်း၊ (၂၇-၂-၂၀၁၀) ရက် (၁၅)ရက် ခရီးစရိတ်ငြိမ်း ကျပ် ၉.၅ သိန်း ၂၂-၃-၂၀၁၀ရက် (၁၂)ရက်ခရီး ယခင်ဈေးနှုန်း ကျပ် ၉သိန်း၊ ယခု စရိတ်ငြိမ်း ကျပ် ၈သိန်းတိတိ

ထိုင်းနိုင်ငံဗန်ကောက်ခရီးစဉ် (၁၀-၄-၂၀၁၀)ရက်(၄)ညအိပ်(၅)ရက်ခရီး ကျပ် (၇.၅)သိန်း စရိတ်ငြိမ်း

ပတ်စ်ပို့(လေယာဉ်လက်မှတ်သွားပြန်+ဗီဇာ+နိုင်ငံခြားရှက်စာတမ်းကြေး+တည်းခိုစရိတ်+စားစရိတ်၊ဝင်ကြေး၊ဝန်ဆောင်မှုတွင် စရိတ်ငြိမ်း ပါဝင်ပြီးဖြစ်သည်။

ဖေဖော်ဝါရီ ၁၀ရက်မှ ဖေဖော်ဝါရီ ၂၈ရက်အတွင်း ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်နှင့် ဘန်ကောက်ခရီးစဉ်တွင် စရန်ငွေတစ်သိန်းပေးသွင်း၍ မည်သည့်ခရီးစဉ်တွင်မဆိုလိုက်ပါမည့် ဘုရားဖူးသူတော်စင်များအား ငွေကျပ် ၂၀၀၀၀တိတိလျှော့ပေးမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

အတာတန်ခူး၊ ကုသိုလ်ထူးအစီအစဉ် -၁၂-၄-၂၀၁၀ရက်(၁၂)ရက်နှင့် (၁၈)ရက်ခရီးတွင်လိုက်ပါမည့် ဘုရားဖူးသူတော်စင်များကို ဗုဒ္ဓဂယာမြေမြတ်မဟာ၌ သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်နှင့် သိမ်ဆွမ်းလောင်းလှူကြမည့်အစီအစဉ်များကို နီလာဘုရားဖူးအဖွဲ့မှ ကုသိုလ်ယူဒါနပြုစီစဉ်ပေးမည်ဖြစ်ပါ၍ စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း ကြိုတင်သတင်းကောင်းပေးအပ်ပါသည်။

ကဆုန်ညောင်ရေသွန်းပွဲ - ၂၆-၄-၂၀၁၀ရက် (၇)ညအိပ် (၈) ရက်ခရီးစဉ်အထူးဈေးနှုန်း ကျပ်ခုနစ်သိန်းငါးသောင်း၊ ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့)တွင် ဗုဒ္ဓဂယာမြေမြတ်မဟာဗောဓိစေတီ၌ ဃနာနို့ဆွမ်းဆက်ကပ်ခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်းပူဇော်ခြင်းအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးသွင်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ထွက်ခွာမည့်ရက်- ဖေဖော်ဝါရီလတွင် (၂၀၊၂၆၊၂၇)ရက်၊ မတ်လတွင် (၅၊၈၊၁၂၊၁၉၊၂၂၊၂၆)ရက်၊ ဧပြီလတွင် (၂၊၅၊၉၊၁၂၊ ၁၉၊၂၃၊၃၀)ရက် ခရီးစဉ်အားလုံးအတွက် ဝန်ဆောင်မှုများသည် ရန်ကုန်မှစတင်ထွက်ခွာသည့်ရက်မှစ၍ ရန်ကုန်သို့ပြန်ရောက်ရှိသည့်ရက်အထိ စရိတ်ငြိမ်း ဖြစ်ပါသည်။ **အမှတ် ၃၁၅၊ မြေညီထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၁၇၅၁၊ ၂၄၁၂၄၃၊ ၃၇၅၀၂၀၊ ၃၈၄၀၆၆၊ ၃၈၄၃၆၆၊ ၀၉-၉၈၇၃၃၉၅၊ ၀၉-၈၆၁၂၀၀၃၊၀၉-၈၆၁၀၄၅၆။**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မှော်ဝန်းမာလာ ပန်းဥယျာဉ်တွင် ဖေဖော်ဝါရီ ၁၂ရက်ကကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုနေ့ဂုဏ်ပြု ကျေးလက်ဒေသဖွံ့ဖြိုးရေး တံတားဖွင့်လှစ်

ညောင်လေးပင် ဖေဖော်ဝါရီ ၁၆

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ချောင်းရင်းစံပြကျေးရွာ ရဲနွယ်ချောင်းကူး တံတားဖွင့်ပွဲကို အဆိုပါ တံတားမုခ်ဦးရှေ့တွင် ဖေဖော်ဝါရီ ၁၂ရက် နံနက် ၁၀နာရီက ကျင်းပရာ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သူရနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ တံတားမှာ အရှည် ၂၀၄ပေ၊ အကျယ်၁၅ပေရှိပြီးကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၀ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၂၀ဖြင့် တည်ဆောက်ခဲ့သော သစ်သားတံတားဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

အထက(၄)ပုဇွန်တောင် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အထက(၄)ပုဇွန်တောင်ကျောင်း၌ ၁၉၆၇မှ၁၉၈၇ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သည့် အသက်(၆၀) အထက် ဆရာကြီး၊ ဆရာမကြီးများအား တပည့်ကျောင်းသားဟောင်းများက မတ် ၂ရက် (အင်္ဂါနေ့) (တောင်သူလယ်သမားနေ့) ညနေ ၃နာရီတွင် အဆိုပါကျောင်း၌ ပူဇော်ကန်တော့ပွဲကျင်းပမည် ဖြစ်သည်။ ကျောင်းသားဟောင်းများအနေဖြင့် အလှူငွေ ထည့်ဝင်လှူဒါန်းလိုပါက ဦးဇော်ဝင်း ဖုန်း-၀၉-၅၀-၀၁၀၉၄၊ ဦးစံရွှေ ဖုန်း-၇၀၄၃၇၀၊ ဦးကျော်ညွန့်ဦး ဖုန်း-၀၉-၅၁-၂၀၅၁၃၊ ဒေါ်သက်နှင်းဦး ဖုန်း-၀၉-၅၀-၁၂၅၉၃၊ ဒေါ်ခင်မာလှိုင် ဖုန်း-၀၉-၅၁-၀၄၁၇၂၊ ဒေါက်တာမခင်ချစ် ဖုန်း-၀၉-၅၁-၁၃၄၅၁၊ ဦးဟန်ထူး ဖုန်း-၀၉-၅၀-၈၈၃၄၆၊ ဦးတင်အောင်ကျော် ဖုန်း-၀၉-၅၀-၇၂၂၈၂နှင့် ဒေါ်သင်းသင်းဆွေ ဖုန်း-၂၉၂၁၈၄ အထက(၄)ပုဇွန်တောင် တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု အင်းစိန်မြို့နယ်၌ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် ည ၇နာရီက ပင်မယဉ္ဇရားတောင်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ပါဝင်ယှဉ်ပြိုင်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေက အမှာစကား ပြောကြားပြီး ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြ(**အပေါ်ပုံ**) တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ပြိုင်ပွဲတွင် အင်းစိန်မြို့နယ် အတွင်းရှိ ရပ်ကွက်ပေါင်းစုံမှ အမျိုးသား ၁၅ဦး၊ အမျိုးသမီး၁၈ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးစီမံချက်အရ အဖွဲ့ပိုင် ပျိုးဥယျာဉ်ရှေ့ရှိ မြေယာရှင်းအလှအား ဖေဖော်ဝါရီ၁၀ရက်က အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဒဂုံမြို့သစ်(မြောက်ပိုင်း) စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးကို ဖေဖော်ဝါရီ၁၄ရက် မွန်းတည့်၁၂နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် မြို့နယ်အလုပ်အမှုဆောင်အဖွဲ့၏နှစ်ပတ်လည်အစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းကို ဒုတိယဥက္ကဋ္ဌ ဦးညွန့်လှိုင်(မောင်ညွန့်လှိုင်) က ဖတ်ကြားသည်။

ဆက်လက်၍ ဥက္ကဋ္ဌဦးညွန့်တင် (မောင်ငြိမ်းသူ - ကြို့ပင်ကောက်)၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးညွန့်လှိုင် (မောင်ညွန့်လှိုင်)၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးသန်းဌေး (သန်းဌေး-ဝေဒ)၊ အတွင်းရေးမှူးဦးညွန့်ဟံ(ညွန့်ဟံ-ကြူတော)၊ တွဲဖက်အတွင်းရေးမှူး ဒေါ်လှလှဌေး(လှလှဌေး-ပြန်/ဆက်)၊ ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး (ခတ်ပုံ မောင်မောင်အေး)၊ အမှုဆောင်များအဖြစ် ဦးမြဟန်(ရေကူးမြတ်လေးနောင်)၊ ဦးအောင်မြင့် (အောင်မြင့်-သစ်လုပ်ငန်း)၊ ဦးတင်ထွန်းအောင် (တင်ထွန်းအောင်-မော်လမြိုင်)တို့ ပါဝင်သော အမှုဆောင်အဖွဲ့ကို တင်မြှောက်ကြသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြလုပ်ငန်း၊ အောင်သုခလမ်း၊ ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်က ကိုင်းရှည်ရပ်ကွက်၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးညိုဇော၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အမှုဆောင်အရာရှိ ဦးလှဖော်ဇံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံ ပညာမူလတန်းကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ် နှစ်ပတ်လည် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယင်းကျောင်း၏ ပညာတန်ဆောင်ခန်းမ၌ ဖေဖော်ဝါရီ ၁၁ရက် နံနက်ပိုင်းက ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ရီရီခိုင်က Grade3 မှ မစောရတနာအား ပညာရည်ချွန် ပထမဆု ချီးမြှင့်စဉ်။ (ပညာရေး)

ချိပ်ပိတ်တင်ဒါတင်သွင်းရန် ခေါ်ယူခြင်း

၁။ **ခေါ်ယူသည့်တင်ဒါ** ။ ။ IBTC Group of Companies ၏ စက်ရုံတွင် အသုံးပြုနိုင်ရန်အတွက် စတီးလ်တိုင်ကီ (Stainless Steel Tank)များအတွင်းရှိ အရည်ပမာဏကို တိုင်းတာသိရှိနိုင်မည့်စနစ်နှင့် စီးဆင်းမှုတိုင်းတာသည့် ကိရိယာ (Flow Meter)များ သတ်မှတ်ချက်နှင့်အညီ စွမ်းဆောင်နိုင်မှု ရှိမရှိ တိုင်းတာခြင်းစနစ်တို့ကို လိုအပ်လျက်ရှိပါ၍ တင်ဒါတင်သွင်းလိုသူများအနေဖြင့် ဆောင်ရွက်မည့်စနစ်၊ အမျိုးအစား၊ ပုံစံ၊ တန်ဖိုး၊ နောက်ဆုံးထားပေးသွင်းနိုင်မည့်ရက်၊ ကြာမြင့်မည့် အချိန်ကာလတို့ကို ပူးတွဲဖော်ပြလျက် အောက်ဖော်ပြပါ အတိုင်း စနစ်တကျပေးပို့တင်သွင်းနိုင်ကြပါသည်။

၂။ **တင်ဒါသက်တမ်း** ။ ။ယခုသတင်းစာတွင် ကြေညာသည့်ရက်မှစ၍ နှစ်ပတ်အတွင်း နောက်ဆုံးထားတင်သွင်းရန်။

၃။ **တင်ဒါပုံစံ** ။ ။သတ်မှတ်ထားခြင်းမရှိပါ။ မိမိပုံစံဖြင့်သာတင်သွင်းရန်။

၄။ **တင်ဒါသွင်းရမည့်နေရာ**။ ။IBTC Group of Companies ရုံးချုပ်၊ ရုံးအဖွဲ့မှူး၊ အမှတ်(၁၈)ပြည်လမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မှတ်ချက်။ ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဒေါ်ကလျာမိုးမိုး (မန်နေဂျာ၊ အရည်အသွေးကွပ်ကဲရေး) ဖုန်း-၀၉-၅၀၅၇၀၄၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နှစ်(၂၀)မြောက်မင်္ဂလာဆုတောင်း

ဖေဖေဒုတိယဗိုလ်မှူးကြီးကိုကိုဝင်းနှင့် မေမေ ဒေါ်အေးအေးမြင့် (အလယ်တန်းကျောင်းအုပ်၊လမ်းရွာ)တို့၏ ၁၇-၂-၂၀၁၀ရက်တွင် ကျရောက်သည့် နှစ်(၂၀)မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်-

တစ်ဦးတည်းသောချစ်သမီးလေး-
ယမင်းကိုကို(ပထမနှစ်၊ အင်္ဂလိပ်စာ၊ ဒဂုံတက္ကသိုလ်)။

ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

၂၀၀၈ခုနှစ်အတွက် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို သုခမ္မမဏိဇောတရေ ကိုခန့်စည်သူ(ကိုခန့်)က ထိုက်တန်စွာ ဆွတ်ခူးရရှိသည့်အတွက် ကိုခန့်နှင့် အတူ DEER အမျိုးသားဝတ် ရုပ်အင်္ကျီအမျိုးမျိုး ထုတ်လုပ်ဖြန့်ချိရေးမှ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ကိုခန့်နိုင်နှင့် သရုပ်ဆောင်ခိုင်သင်းကြည်
DEER အမျိုးသားဝတ်ရုပ်အင်္ကျီအမျိုးမျိုး
ထုတ်လုပ်ဖြန့်ချိရေး။

အမွေပြတ်ကြော်ငြာ

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်စိုးဝေယံ ၁၂/ဥကမ(နိုင်)၂၂၆၄၈၁ သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

ဖခင်-ဦးကျော်ထိုက် ၁၂/ဥကမ(နိုင်)၀၁၈၅၂၅
မိခင်-ဒေါ်သင်းသင်းလွင် ၁၂/ဥကမ(နိုင်)၁၄၈၆၄၈။

အမြန်ပြန်လာပါ

ကိုဇော်လွင်ဦး ၁၀/မဒန(နိုင်)၀၂၆၀၄၃ အားလုံးစိတ်ပူနေသည်။ အမြန်ဆက်သွယ်ပါ။

မိသားစု။

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့၊ (ခ)ရပ်ကွက်နေ
(ဦးမောင်မောင်)-ဒေါ်ခင်ပြုံးရည်တို့၏ဒုတိယသား

တပ်ကြပ်ကြီးစာရေး ကျော်မိုးမြတ်
B.A(Geo:)
Diploma in Computer Science

နှင့်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ သိန်းနီမြို့၊ နမ့်စလပ်နေ
ဦးချစ်ညွန့်-ဒေါ်စိန်မြင့်တို့၏သမီး

မသန်းသန်းဌေး
B.A(Eco:) အလပြ၊ ခွဲအထက(နမ့်စလပ်)

တို့သည် ၃၀-၁-၂၀၁၀ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်တွင် ထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ကျော်မိုးမြတ်-မသန်းသန်းဌေး။

ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ စတုတ္ထတန်း(က-၁)တွင် လေးဘာသာဂုဏ်ထူးဆု၊ အင်္ဂလိပ်စာ စာစီစာကုံးပြိုင်ပွဲ ပထမဆု၊ ကျောင်းရက်မှန်ဆုရရှိသော မောင်အေးနိုင်ဦးအားလက်ထောက်မြို့နယ်ပညာရေးမှူး(အငြိမ်းစား) ဦးဝင်းထိန်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကုန်စည်တံဆိပ်မူပိုင်ခွင့်သတိပေးခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ အမှတ် ၂၂နေဦးမြင့်သိန်း(ခ)ဦးမင်းဟန် (ယုဇနလက်ဖက်နှင့်အကြော်စုံ)သည် အောက်ဖော်ပြပါကုန်စည်အမှတ်တံဆိပ်၏ တစ်ဦးတည်းမူပိုင်ရှင်ဖြစ်ပါသည်။

ရေစစ္စရီအမှတ်-၉၅၀/၂၀၁၀

အထက်ဖော်ပြပါကုန်စည်တံဆိပ်ဖြင့် အကောင်းစားကုလားပဲမှုန့် (ပဲကျက်မှုန့်နှင့်ပဲစိမ်းမှုန့်)တို့ကို စနစ်တကျသန့်ပြန့်စွာပြုလုပ်၍ ထုပ်ပိုးပြီးရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အဆိုပါမူပိုင်ခွင့်တံဆိပ်ဖြင့် ပြုလုပ်ထုပ်ပိုး၍ ရောင်းချလျက်ရှိသည်များကို တစ်ထေရာတည်း တုပပြုလုပ်၍သုံးစွဲခြင်း၊ ဆင်တူယိုးမှားလိမ်လည်ပြုလုပ်၍သုံးစွဲခြင်း၊ မူပိုင်ရှင်၏ခွင့်ပြုချက်မရှိဘဲ ပြုလုပ်သုံးစွဲခြင်းများကို မည်သူမဆိုမပြုမလုပ်မိကြစေရန် အသိပေးတားမြစ်လိုက်ပါသည်။

သို့ပါလျက်မှ ထိုသို့ပြုလုပ်သုံးစွဲကြသည်ရှိသော် ထိုသို့ပြုလုပ်သုံးစွဲသူမည်သူ့ကိုမဆို သက်ဆိုင်ရာဥပဒေများအရ အရေးယူခြင်းခံရလိမ့်မည်ဖြစ်ကြောင်း သတိပေးလိုက်ပါသည်။

ဦးသန်းအောင်
ဝိဇ္ဇာဘွဲ့နှင့်ဥပဒေဘွဲ့ရ
တရားရုံးချုပ်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်
အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၅၄၆၄။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ရန်ကုန်စီးပွားရေးတက္ကသိုလ်
(၄၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်းတင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၀ခုနှစ် မတ် ၄၊ ၆၊ ၇ရက်များတွင် ပြုလုပ်မည့် (၄၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအတွက် ဘွဲ့နှင်းသဘင်ခန်းမအတွင်း (အပြင်မပါ) ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်း ခွင့်ပြုနိုင်ရေးအတွက် ချိပ်ပိတ်ဈေးနှုန်းလွှာတင်ဒါများ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်သွင်းရမည့် ချိပ်ပိတ်ဈေးနှုန်းလွှာ (တင်ဒါ)ပုံစံများကို ရန်ကုန်စီးပွားရေးတက္ကသိုလ်ရှိ အောက်တွင် လက်မှတ်ရေးထိုးသူထံ တစ်စုံလျှင် ကျပ် ၁၀၀၀(ကျပ်တစ်ထောင်တိတိ)ဖြင့် ဝယ်ယူပြီး တင်ဒါနှင့်အတူ စရန်ငွေ ကျပ် ၅၀၀၀၀၀(ကျပ်ငါးသိန်းတိတိ)ကို ရန်ကုန်စီးပွားရေးတက္ကသိုလ် ဘဏ္ဍာဌာနသို့ တစ်ပါတည်း ပေးသွင်းရပါမည်။

၃။ တင်သွင်းထားသော ချိပ်ပိတ်ဈေးနှုန်းလွှာ(တင်ဒါ)များကို ၂၀-၂-၂၀၁၀ရက် (စနေနေ့) ၁၆း၀၀နာရီအချိန်တွင် ဓာတ်ပုံခေါ်ယူရေးအဖွဲ့၊ အဖွဲ့ဝင်များရှေ့မှောက်၌ ဖွင့်လှစ်ရွေးချယ်မည်ဖြစ်ပါသည်။ ဓာတ်ပုံရိုက်ကူးခွင့်ရရှိသူ၏အမည်စာရင်းကို ၁၆း၃၀နာရီတွင် ကြေညာပေးမည်ဖြစ်ပါသည်။

အတွင်းရေးမှူး
ဓာတ်ပုံတင်ဒါခေါ်ယူရေးအဖွဲ့
ရန်ကုန်စီးပွားရေးတက္ကသိုလ်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပဲခူး၌ပေးအပ်

ပဲခူး ဖေဖော်ဝါရီ ၁၆

ပဲခူးမြို့နယ် ဟသ်ာကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ဇန်နဝါရီ၂၇ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကျင်းပရာ ပဲခူးခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ပဲခူးမြို့နယ်ဦးစီးဌာနမှူး ဦးသိန်းဇော်တို့က ရပ်ကွက်အတွင်း နိုင်ငံသားအရည်အချင်းပြည့်မီသူများကိုယ်စား ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်တင်ထံသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်သည်။ **(ဝ၆၈)**

မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရွှေဘုန်းမြင့်ဘုရားလမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်းအဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ၁၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအာကာမြတ်သူတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နယူကလိယရူပဗေဒဖခင် အားနက်ရူသာဖို့ဒ်

၂၀-၈-၁၈၇၁ - ၁၉-၁၀-၁၉၃၇

ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ

တိုး - ရေးသားသည်

နယူကလိယရူပဗေဒဖခင်အဖြစ် ကျော်ကြားသူ အားနက်ရူသာဖို့ဒ်သည် နယူးဇီလန် ဓာတုဗေဒပညာရှင်နှင့် ရူပဗေဒပညာရှင်တစ်ဦးဖြစ်သည်။ အဏုမြူများက ၎င်းတို့၏ လျှပ်စစ်ဖိုကို အလွန်သေးငယ်သော နယူကလိယအတွင်း သိုမှီးစုဆောင်းထားကြောင်း ရူသာဖို့ဒ်က ဖော်ထုတ်နိုင်ခဲ့သည်။ ၁၉၁၇ ခုနှစ်တွင် အဏုမြူကို ခွဲခြမ်းနိုင်မှုကြောင့်လည်းကောင်း၊ ၁၉၃၂ ခုနှစ်တွင် သူ့လမ်းညွှန်မှုဖြင့် ဂျွန်ကော့ကရော့နှင့် အားနက်ဝေါလတန်တို့ ကျောင်းသားနှစ်ဦးက နယူကလိယကိုခွဲရန် ပထမဆုံး စမ်းသပ်အောင်မြင်မှုအတွက်လည်းကောင်း ရူသာဖို့ဒ်မှာ ဝိုင်းဝန်းအသိအမှတ်ပြု ချီးကျူးခံရသည်။

ရူသာဖို့ဒ်

အဏု မြူများက ၎င်းတို့၏ လျှပ်စစ် ဖို ကို အလွန် သေးငယ် သော နယူကလိယ အတွင်း သိုမှီး စု ဆောင်း ထားကြောင်း ဖော်ထုတ်နိုင် ခဲ့ သည့် ရူသာဖို့ဒ်။

အသိအမှတ်ပြု

အားနက်ရူသာဖို့ဒ်ကို နယူးဇီလန်နိုင်ငံ နယ်ဆင်၌ ၁၈၇၁ခုနှစ် ဩဂုတ် ၃၀ရက်တွင် အဖဂျိမ်းရူသာဖို့ဒ်နှင့် အမိမာသာသွန်မဆင်တို့မှမွေးဖွားသည်။ သူသည် ဟေးလော့စာသင်ကျောင်းသို့ စတင်တက်ရောက်ပြီး နယ်ဆင်ကောလိပ်သို့ ဆက်တက်သည်။ နယူးဇီလန်တက္ကသိုလ် ကင်တာဘာရီကောလိပ်တွင် ပညာသင်ဆုရရှိသည်။ ဝိဇ္ဇာ၊ မဟာဝိဇ္ဇာနှင့် သိပ္ပံဘွဲ့များရရှိပြီးနောက် နှစ်နှစ်ကြာ သုတေသနလုပ်ငန်းများတွင် နှစ်မြုပ်ခဲ့သည်။ ၁၈၉၅ ခုနှစ်တွင် ကင်းဘရစ်တက္ကသိုလ် ကယ်ဗင်ဒစ်လက်တွေ့စမ်းသပ်ခန်း၌ ၁၈၉၅ ခုနှစ်မှ ၁၈၉၈ခုနှစ်အထိ လေ့လာဆည်းပူးရန် ၁၈၉၅ခုနှစ်တွင် အင်္ဂလန်သို့ သွားရောက်သည်။ သူ၏ပင်ကို စွမ်းရည်ကြောင့် ပါမောက္ခဂျေဂျေသွန်မဆင်၏ အသိအမှတ်ပြုမှုကို အမြန်ဆုံးခံရသည်။

ဘီတာရောင်ခြည်

ရေဒီယိုသတ္တိကြွမှုကို စူးစမ်းစဉ်က သိုနီယံနှင့် ယူရေနီယံတို့မှ ရောင်ခြည်ဖြာထွက်မှု မတူကွဲပြားခြင်းကို ဖော်ပြရန်အတွက် ရူသာဖို့ဒ်သည် ၁၈၉၉ ခုနှစ်တွင် အယ်လ်ဖာရောင်ခြည်နှင့် ဘီတာရောင်ခြည်ဟူသော ဝေါဟာရများကို တီထွင်ခဲ့သည်။

၁၈၉၈ခုနှစ်တွင် ကနေဒါနိုင်ငံ မွန်ထရီယယ်ရှိ မက်ဂီးလ်တက္ကသိုလ် ရူပဗေဒဌာနတွင် ဦးစီးရန် ခန့်အပ်ခံရသည်။ ၁၉၀၀ပြည့်နှစ်တွင် နယူးဇီလန်တက္ကသိုလ်မှ ပါရဂူဘွဲ့ အပ်နှင်းသည်။ ထိုနှစ်တွင် မာရီနယူတန်နှင့် လက်ထပ်သည်။ သမီးတစ်ဦး ထွန်းကားသည်။

စူးစမ်းဖော်ထုတ်

၁၉၃၀ခုနှစ်တွင် ရူသာဖို့ဒ်က ပြင်သစ်ဓာတုဗေဒပညာရှင် ပေါလ်ဗီးလတ်တွေ့ရှိသည့် ရေဒီယိုသတ္တိကြွရောင်ခြည်မှာ ဖောက်ထွင်းအားအပြင်းဆုံးဖြစ်သော ရောင်ခြည်ဖြစ်ကြောင်း တွေ့ရှိရသည်။ ယင်းကို ဂါမာရောင်ခြည်ဟူ၍ အမည်ပေးလိုက်သည်။ ၁၉၀၇ခုနှစ်တွင် မန်ချက်စတာတက္ကသိုလ် ရူပဗေဒဌာနပါမောက္ခ တာဝန်ကို ရူသာဖို့ဒ်ရယူသည်။ ဟန်ဂေဂါ၊ အားနက်မာစဒင်တို့နှင့်အတူ ၁၉၀၉ခုနှစ်တွင် အဏုမြူများ၏ နျူကလီးယားသဘာဝကို ဖော်ပြသည့် ဂေဂါ-မာစဒင်စမ်းသပ်ချက်ကို သူဆောင်ရွက်နိုင်ခဲ့သည်။ အဏုမြူအတွင်းတွင် နယူထရွန်များတည်ရှိကြောင်း ရူသာဖို့ဒ်က ကောက်ချက်ချနိုင်သည်။ အယ်ဖာရောင်ခြည်များပျံ့နှံ့မှုနှင့် အဏုမြူ၏ အတွင်းဖွဲ့စည်းမှုသဘာဝကို စူးစမ်းဖော်ထုတ်နိုင်မှုကြောင့် သူ၏ နယူကလိယနှင့်ပတ်သက်သည့် မှန်ကန်သည်ဟု ယူဆရသောအဆိုမှာ ရူပဗေဒပညာတွင် သူ၏အကြီးမားဆုံး ထောက်ကူမှုဖြစ်သည်။

တံဆိပ်ချီးမြှင့်ခံရ

ထို့ကြောင့်ပင် ရူသာဖို့ဒ်မှာ ၁၉၁၄ ခုနှစ်တွင် ဆာဘွဲ့ဖြင့် သူကောင်းပြုခံရသည်။ ၁၉၁၆ ခုနှစ်တွင် ဟက်တာ အမှတ်တရ တံဆိပ်ချီးမြှင့်ခံရသည်။ ၁၉၁၉ ခုနှစ်တွင် ကယ်ဗင်ဒစ်သို့ ညွှန်ကြားရေးမှူးအဖြစ် သူပြန်လာသည်။ အလုပ်ပင်ပန်းပြီးနောက် သူအကြိုက်ဆုံး အနားယူအပန်းဖြေနည်းမှာ ဂေါက်သီးရိုက်ကစားခြင်းနှင့် မော်တော်ကားလှည့်လည်မောင်းနှင်ခြင်းတို့ ဖြစ်သည်။

အားနက်ရူသာဖို့ဒ်မှာ ၁၉၃၇ခုနှစ် အောက်တိုဘာ ၁၉ရက်တွင် ကင်းဘရစ်၌ ကွယ်လွန်သောအခါ သူ၏ရုပ်ကလာပ်ကို ဝက်စမင်စတာ ဘုရားကျောင်းဝင်းအတွင်း ဆာအိုက်ဇက်နယူတန်၏ ဂူအနောက်ဘက် လော့ဒ်ကယ်ဗင်၏ ဂူအနီးတွင် မြှုပ်နှံသင်္ဂြိုဟ်လိုက်သည်။ ။

ကိုးကား-အင်တာနက်

ဘဝအမောပြေ

မိန်းမတို့အတွေး....

ခင်ပွန်းဖြစ်သူအလုပ်မှ အိမ်ပြန်ရောက်ချိန်၌ ဇနီးက ပြတင်းပေါက်မှရပ်ကာ ငေးမောလျက်ရှိနေသဖြင့် အောက်ပါအတိုင်း မေးမြန်းလေသည်-

ခင်ပွန်း ။ ။ ဘာတွေများတွေးနေရတာလဲ။

ဇနီး ။ ။ ဘာမှမဟုတ်ပါဘူး။

ခင်ပွန်း ။ ။ စိတ်ညစ်စရာများ ရှိနေလို့လား။

ဇနီး ။ ။ မရှိပါဘူး။

ခင်ပွန်း ။ ။ ဒါဆို…ကိုယ့်အကြောင်းတွေးနေတာလား။

ဇနီး ။ ။ အင်း။

ခင်ပွန်း ။ ။ ဘာတွေများလဲ ပြောစမ်းပါဦး။

ဇနီး ။ ။ ဟိုဟိုဒီဒီနဲ့၊ သေသေချာချာလဲ မဟုတ်ပါဘူး။

ခင်ပွန်း ။ ။ ဘာမှတွေးမနေနဲ့၊ကိုယ့်လိုခင်ပွန်းမျိုး လောကကြီးမှာနှစ်ယောက် မရှိနိုင်ပါဘူး။

ဇနီး ။ ။ သြော်….။

ခင်ပွန်း ။ ။ အဲဒီတော့၊ စိတ်ကူးလဲမယဉ်နဲ့ လိုက်လဲမရှာနဲ့။

ဇနီး ။ ။ ဟုတ်တော့ဟုတ်ပါတယ်။
ရှင့်လိုခင်ပွန်းမျိုး ရှားပါတယ်။ ဒါပေမယ့် ရှင့်ထက်သာတဲ့ ခင်ပွန်းသည်တွေလည်း အများကြီး ရှိတယ်နော်….။

ခင်ပွန်း ။ ။ "ဘာကွ"

ရေဒီယိုသတ္တိကြွမှုကို စူးစမ်းစဉ်က သိုနီယံနှင့် ယူရေနီယံတို့မှ ရောင်ခြည်ဖြာထွက်မှု မတူကွဲပြားခြင်းကို ဖော်ပြရန်အတွက် ရူသာဖို့ဒ်သည် ၁၈၉၉ ခုနှစ်တွင် အယ်လ်ဖာရောင်ခြည်နှင့် ဘီတာရောင်ခြည်ဟူသော ဝေါဟာရများကို တီထွင်ခဲ့သည်။

ကမ္ဘာတစ်လွှားအံ့ဖွယ်လူသားများ ကမ္ဘာတစ်လွှားအံ့ဖွယ်လူသားများ ကမ္ဘာတစ်လွှားအံ့ဖွယ်လူသားများ

➤စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ကမ္ဘာပေါ်တွင် လူသန်းပေါင်းများစွာရှိသည့်အနက် အများနှင့်မတူ ထူးထူးခြားခြားစွမ်းဆောင်နိုင်သူများ၊ ထူးဆန်းသည့်ဖြစ်ရပ်များကို ဖန်တီးနိုင်သူများရှိကြရာ ယင်းကဲ့သို့သော လူသားများအနက် အချို့ကို စုစည်းဖော်ပြလိုက်ရပါသည်-

တောင်ဆင်းတောင်တက် မရပ်မနား မာရသွန်လမ်းလျှောက်နိုင်သူ

မက်ဆီဒိုးနီးယားနိုင်ငံသား အသက် ၅၀အရွယ် အီမီလ်အိုင်လစ် အမည်ရှိ အမျိုးသားတစ်ဦးသည် ကျောက်တုံးများ၊ တောင်တန်းများ၊ အလွန်နက်ရှိုင်းသော လျှိုမြောင်များနှင့် မြင့်မတ်သည့်တောင်များကို မရပ်မနား လမ်းလျှောက်ဖြတ်သန်းခဲ့ရာ ခရီးမိုင်အရှည် ၂၀၄ ကီလိုမီတာအထိ ရောက်ရှိခဲ့သည်။ လမ်းလျှောက်ဖြတ်သန်းလာချိန်တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းထန်စွာ တိုက်ခတ်ခြင်းတို့ ကြုံတွေ့ခဲ့ရသော်လည်း ကြံ့ကြံ့ခံရင်ဆိုင်ကာ လမ်းလျှောက် မပျက်အောင်ကြိုးစားခဲ့သည်။ အီမီလ်အိုင်လစ်၏ လမ်းလျှောက်နှုန်းမှာ တစ်နာရီ ၅ ဒသမ ၇ကီလိုမီတာ ဖြစ်သည်။

ဂင်းနက်စ်မှတ်တမ်း

စတင်လမ်းလျှောက်ချိန်မှ ၎င်း၏နောက်သို့ သတင်းမှတ်တမ်းယူသည့် မီဒီယာသမားနှင့် ရုပ်မြင်သံကြား ရိုက်ကူးသူ ကိုးဦးတို့က မော်တော်ယာဉ် လေးစီးနှင့် မပြတ်တမ်းလိုက်ပါကာ မှတ်တမ်းတင်ခဲ့ကြသည်။ အီမီလ်အိုင်လစ်သည် ကမ္ဘာပေါ်တွင် တောင်ဆင်းတောင်တက် မရပ်မနား မာရသွန်ခရီး အဝေးဆုံးလမ်းလျှောက်နိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အောက်ပုံ)**

ကမ္ဘာ့အညှက်ဆုံး သားသည်မိခင်

အမေရိကန်နိုင်ငံသူ အသက် ၃၅နှစ်အရွယ် စတာဆေးဟီရယ်သည် အရပ်အမြင့် နှစ်ပေ လေးလက်မခန့် ရှိပြီး ခန္ဓာကိုယ်အလေးချိန် ပေါင် ၅၀ခန့်မျှသာရှိသည်။ စတာဆေးဟီရယ်သည် မကြာမီက သားတစ်ဦးကို အောင်မြင်စွာ မွေးဖွားနိုင်ခဲ့သည်။ သူမ၏ခင်ပွန်းဖြစ်သူ ဝီလ်သည် အရပ်ငါးပေ ကိုးလက်မ မြင့်သည်။

တတိယမြောက်

သူမတွင် ယခင်က သုံးနှစ်အရွယ် သမီးတစ်ဦး၊ ၁၈လအရွယ် သမီးတစ်ဦးတို့ကို မွေးဖွားခဲ့ပြီးဖြစ်ရာ ယခုမွေးဖွားသည့် ရင်သွေးမှာ တတိယမြောက်ဖြစ်သည်။ ***(ယာပုံ) (အင်တာနက်)***

အသက်အကြီးဆုံးအမျိုးသမီးအိုလံပစ်ကမ္ဘာ့စံချိန်ရှင်

ရိုမေးနီးယားနိုင်ငံသူ အသက် ၃၈ နှစ်အရွယ် ဒိုင်တာတိုမက်ကူသည် တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၀၈ ပေကျင်း အိုလံပစ်၌ အမျိုးသမီးမာရသွန် အပြေးပြိုင်ပွဲတွင် ၂နာရီ ၂၆မိနစ် ၄၄စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်တင်ကာ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သဖြင့် ကမ္ဘာပေါ်၌ အသက်အကြီးဆုံး အမျိုးသမီးအိုလံပစ် ကမ္ဘာ့စံချိန်ရှင်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ဝဲပုံ) (အင်တာနက်)

ကမ္ဘာ့ မိုင်အရှည်ဆုံး ရေကူးနိုင်သူ

ဆလိုဗေးနီးယားနိုင်ငံသား အသက် ၅၂နှစ်အရွယ် မာတင်စထရီ အမည်ရှိ အမျိုးသားတစ်ဦးသည် ဘရာဇီးနိုင်ငံ အမေဇုန် မြစ်အတွင်း မိုင်ပေါင်း ၃၂၇၂ မိုင်ကို သီတင်းကိုးပတ်ကြာ ရေကူးနိုင်ခဲ့ရာ ကမ္ဘာပေါ်တွင် ခရီးမိုင် အရှည်ဆုံး ရေကူးနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အပေါ်ပုံ)**
(အင်တာနက်)

17-2 (15).pmd 1 2/17/2010, 2:00 AM

ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရန်ပန္နက်ရိုက် ပင်းတယမြို့နယ် ကျုံးကျေးရွာ၌ ကျင်းပ

ပင်းတယ ဖေဖော်ဝါရီ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ပင်းတယမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကျုံးကျေးရွာဥက္ကဋ္ဌနှင့် ပြည်သူများ ပူးပေါင်းကာ နိုင်ငံတော်မတည်ငွေဖြင့် ကျုံး(မြို့မ) ပညာရိပ်မွန်စာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်ရိုက်မင်္ဂလာတိုင်ထူခြင်း အခမ်းအနားကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၀ရက် နံနက် ၁၀နာရီခွဲက အဆိုပါစာကြည့်တိုက် ဆောက်လုပ်မည့်နေရာ၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

မင်္ဂလာတိုင်စိုက်ထူ

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်လတ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်မှူး ဒုတိယရဲမှူးလှဆွေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးထွေးနှင့် ဌာနဆိုင်ရာများ၊ ကျုံးကျေးရွာဥက္ကဋ္ဌ ဦးတူးနှင့်အဖွဲ့ဝင်များက သတ်မှတ်မြေနေရာ၌ ပန္နက်ရိုက်ခြင်း၊ မင်္ဂလာတိုင်စိုက်ထူခြင်းများ ဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နေပြည်တော်-တောင်ညို-မြို့သစ်-မကွေးလမ်းအူကြောင်း ဖောက်လုပ်မှု မကွေးတိုင်း ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ ကြည့်ရှုစစ်ဆေး

မကွေး ဖေဖော်ဝါရီ ၁၅

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် သက်ဆိုင်ရာ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၇ရက် နံနက်ပိုင်းက အရှည် ၁၀၈မိုင် ၄ဖာလုံရှိ နေပြည်တော် - တောင်ညို-မြို့သစ်-မကွေးမော်တော်ယာဉ်လမ်း လမ်းအူကြောင်း ဖောက်လုပ်နေမှု အခြေအနေကို လိုက်လံစစ်ဆေးကြည့်ရှုသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် မြို့သစ်မြို့ လင်းလယ်ကျေးရွာအနီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့ (၅) ရှင်းလင်းဆောင်၌ တည်ဆောက်ရေးတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဥက္ကဋ္ဌက လမ်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံစစ်ဆေးကြည့်ရှုကာ သက်ဆိုင်ရာ တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ရန်လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့သည်။

ဂုဏ်ပြုပွဲ

၂၀၁၀ခုနှစ် (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြေးခုန်ပစ်ပြိုင်ပွဲတွင် မကွေးတိုင်း ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခဲ့ကြသော အောင်ပွဲရ အားကစားအဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ရက် နံနက် ၈နာရီခွဲက မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ အသင်းအုပ်ချုပ်သူနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဂုဏ်ပြုဆုပေးအပ်

အခမ်းအနားတွင် တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဂုဏ်ပြု အမှာစကားပြောကြားကာ ဆုရရှိခဲ့ကြသော အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ကျေးဇူးတင်စကား

ထို့နောက် အသင်းအုပ်ချုပ်သူက ပြိုင်ပွဲယှဉ်ပြိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

မြောင်းမြခရိုင် မိခင်/ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ မူကြိုကလေးများ စွမ်းရည်ပြိုင်ပွဲကျင်းပ

မြောင်းမြ ဖေဖော်ဝါရီ ၁၅

ဧရာဝတီတိုင်း မြောင်းမြခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်အဖွဲ့ မြောင်းမြ၊ ဝါးခယ်မ၊ အိမ်မဲ သုံးမြို့နယ်မူကြိုကလေးများ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၁၇ရက်က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်

အခမ်းအနားတွင် မြောင်းမြခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းနှင့် ဧရာဝတီတိုင်းလူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးသိန်းတို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ချီးမြှင့်

ထို့နောက် မြောင်းမြမြို့မ မူကြိုကျောင်း၊ ကွယ်လွယ်မူကြိုနှင့် အိမ်မဲမြို့နယ်၊ ရွာသစ်မူကြို၊ ဝါးခယ်မမူကြိုကျောင်းများမှ ရင်သွေးငယ်များက ကဗျာရွတ်၊ ပုံပြောပြိုင်ပွဲများ၊ ကာယစွမ်းရည်ပြိုင်ပွဲများ ကျင်းပရာ ဆုရရှိသူများအား ခရိုင်ကြီးကြပ်အဖွဲ့ ဥက္ကဋ္ဌ ဒေါ်သင်းသင်းနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် မူကြိုကလေးများအား ဆုများပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မန်စီအထက်တန်းကျောင်း ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကျင်းပ

မန်စီ ဖေဖော်ဝါရီ ၈

၂၀၀၈-၂၀၀၉ခု ပညာသင်နှစ် ကျောင်းစုံညီပွဲတော် နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို မန်စီမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ဇန်နဝါရီ ၂၇ ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြင်ဦးလွင်ရပ်ကွက် ဥက္ကဋ္ဌ ဦးတင်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမြင့်သိန်းနှင့် အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ညွန့်တို့က ပညာရေးဆိုင်ရာ ဟောပြောသည်။

ထို့နောက် ဆုရရှိသူ ကျောင်းသား ကျောင်းသူများကို ဆုချီးမြှင့်ပြီး တက်ရောက်လာသူများအား ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် ကပြဖျော်ဖြေကြသည်။

(မြို့နယ် ပြန်/ဆက်)

ထောက်ရှည်ကန်-လေးပင်ကုန်းလမ်း ကျေးလက်ကျောက်ချောလမ်းဖွင့် ကျေးရွာ ၁၀ ရွာခန့် ရာသီမရွေးသွားနိုင်ပြီ

ချောက် ဖေဖော်ဝါရီ ၁၃

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်း ချောက်မြို့နယ် ချောင်းတက်ကျေးရွာအုပ်စု ထောက်ရှည်ကန် - လေးပင်ကုန်းလမ်း ကျောက်ချော လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက်က ထောက်ရှည်ကန်ရွာအနီး အဆိုပါ ကျောက်ချောလမ်းသစ် ဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ဖွင့်ပွဲအခမ်းအနားတွင် ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းက ထောက်ရှည်ကန်-လေးပင်ကုန်းလမ်း ကျောက်ချောလမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးရွာနေပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိတို့က ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** တက်ရောက်လာသော ဧည့်ပရိသတ်များနှင့်အတူ ကျောက်ချောလမ်းသစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ရာသီမရွေးသွားလာနိုင်

အဆိုပါ ထောက်ရှည်ကန်-လေးပင်ကုန်းကျောက်ချောလမ်းကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး အရှည်နှစ်မိုင်၊ အကျယ်၁၂ပေဖြစ်ပြီး ကုန်ကျငွေကျပ် ၄၂၀၀၀၀၀ဖြစ်၍ ထောက်ရှည်ကန်-လေးပင်ကုန်း ကျောက်ချောလမ်း ဖောက်လုပ်ပေးခြင်းအားဖြင့် ထောက်ရှည်ကန်ရွာအပါအဝင် ကျေးရွာ ၁၀ရွာခန့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စွာ ရာသီမရွေးသွားလာနိုင်ပြီ ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ရွှေဘိုခရိုင် ကျွန်းလှမြို့အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးနိုင်၏ ကြီးကြပ်စီစဉ်မှုဖြင့် မြို့မစည်ပင်ဈေးကြီးအတွင်း၌ ဇန်နဝါရီ ၁၂ရက်က မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို စည်ပင်အမှုဆောင်အရာရှိ ဦးကျော်ကျော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့်ဝန်ထမ်းများ မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

၂၀၀၉-၂၀၁၀ ပညာသင်နှစ် ရန်ကင်းမြို့နယ် ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၇ရက်က အထက(၁)ရန်ကင်း ကျောင်းခန်းမ၌ ကျင်းပရာ ဗဟိုအဆင့် ပဥ္စမတန်း အင်္ဂလိပ်စာစွမ်းရည် ပထမဆုရ မောင်စန်းထွဋ်အောင်နှင့် အဋ္ဌမတန်း အင်္ဂလိပ်စာစွမ်းရည် ဒုတိယဆုရမောင်မင်းသန့်တို့အား အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(ပညာ)ဒေါ်ကြူကြူရွှေ၊ မြို့နယ်ပညာရေးမှူး ဒေါ်အုန်းသန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်နီနီသိန်း၊ အထက(၁)နှင့် (၂)တို့မှကျောင်းအုပ်ကြီးများနှင့်အတူ ဆုယူအပြီး တွေ့ရစဉ်။

(ပညာရေး)

တမူး-ဟုမ္မလင်း ကျေးရွာများသို့ ဆက်သွယ်သည့် မော်တော်ယာဉ်လိုင်းသစ် ဖွင့်ပြီ

တမူး ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်း တမူးမြို့ ဦးအောင်ဇေယျကျေးရွာနှင့် ဟုမ္မလင်းမြို့နယ် ကက်သာကျေးရွာအကြား မော်တော်ယာဉ်လိုင်းဖွင့်ပွဲကို ဇန်နဝါရီ ၄ရက် မွန်းတည့် ၁၂နာရီက ဦးအောင်ဇေယျကျေးရွာ၌ကျင်းပရာ အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးကောင်းစံဦးနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး နေမျိုးသန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့သစ်မြို့အုပ်ချုပ်ရေးမှူး ဦးစိန်သောင်းနှင့် ဌာနဆိုင်ရာများ၊ မော်တော် ယာဉ်လိုင်းအဖွဲ့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။ ***(ခရိုင် ပြန်/ဆက်)***

မီးအန္တရာယ်

ကြောက်မက်ဖွယ်

ကာကွယ်မနှေး

တို့အရေး

WIN GLOBAL Trading Co.,Ltd.

Contact ☎ 09-50-94280, 09-80-22057, 01-374981, 374982
E-mail : wtsc1@myanmar.com.mm

GREAT FATHER LAND CONSTRUCTION Co.,LTD

★ A,B,C, Penthouse (Pile Foundation)

20% Discount 25-1-2010 To 28-2-2010

မသက်ဆိုင်ပါကြောင်း

ကျွန်တော်ဦးကျော်လွင် ၁၂/ရကန(နိုင်)၀၀၀၆၆၈ ၏ဇနီး ဒေါ်ဥမ္မာအောင်(ခ) မငယ် ၁၂/ရကန(နိုင်)၀၃၉၃၈၉ သည် ခွင့်မလွှတ်နိုင်သည့် အိမ်ထောင်ရေး စိတ်ဆင်းရဲမှုများကြောင့် လုံး၀(လုံး၀) မသက်ဆိုင်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် အရှုပ်အရှင်း ပြဿနာများအား တာ၀န်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ) ဦးကျော်လွင်။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်တက/၇၉၅၅၆ Kenbo Dream 110 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးလှမင်းထွန်း ၁၃/နစန (နိုင်)၀၄၃၉၅၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး) လွိုင်လင်မြို့။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မလမ/၆၂၆၅၆ Honda Wave 100ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူဦးလှသန်း ၁၀/သဖရ(နိုင်)၀၄၃၈၇၉က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ပြည်နယ်ဦးစီးမှူးရုံး) မော်လမြိုင်မြို့။

နွေရာသီ ရေကူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေပါပြီ

တက္ကသိုလ်ရေကူးကန်
(အင်းလျားလမ်း)

ဖုန်း-၀၉-၅၀၀၈၃၅၅၊ ၅၂၅၈၉၁။

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှ သီးလုံးကျေးရွာနှင့် နမစားရစ်ကျေးရွာ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်း ကွင်းဆင်းကြီးကြပ်ရာ လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



ဟောပြော

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုဟောပြောပွဲကို ဖေဖော်ဝါရီ ၂ရက်က စစ်တွေ အထက(၂)ခမ္မဓေယျာခန်းမ၌ကျင်းပရာ စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြသန်းက ပြည်ထောင်စုစိတ်ဓာတ်ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။

(ခရိုင် ပြန်/ဆက်)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သည့် ပဒိုင်လေးကျေးရွာ စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်နှင့် ကျေးရွာစက်ရေတွင်း ကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)



★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသဖွံ့ဖြိုးရေးကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ၁၄ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းမြို့ မင်းရန်အောင်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ မှာကြားကာ အိမ်မိုးသွပ်၊ ဘိလပ်မြေ၊ *စာမျက်နှာ ၈ ကော်လံ ၁* ✻

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးဆွေးနွေး

တနိုင်း ဖေဖော်ဝါရီ ၁၆

တနိုင်းမြို့နယ်အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာအုပ်စာစောင် တိုးပွားရေး၊ စာငှားစနစ် ကျင့်သုံးရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၈ရက် နံနက် ၁၁နာရီက တိန်ကောက်ကျေးရွာ ဘုရားကျောင်းဝင်း၌လည်းကောင်း၊ မွန်းလွဲ ၂နာရီတွင် ကောင်ရာကျေးရွာ ဘုရားကျောင်းဝင်း၌လည်းကောင်း ကျင်းပသည်။

ဆွေးနွေးမှာကြား

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးဇော်မင်းဌေးက စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာအုပ်စာစောင် တိုးပွားရေးနှင့် စာငှားစနစ် ကျင့်သုံးရေးတို့ကို ဆွေးနွေးကြသည်။

ရုပ်မိရုပ်ဖများ

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဇော်မင်းဌေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်အောင်ထွေး၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးအရာရှိ ဦးဝင်းဇော်ညွန့်၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် ရုပ်မိရုပ်ဖများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း
တင်ထွေး (သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)



ကျောက်မဲမြို့ မြို့ကွက်ကို မင်းကုသဝတီ တောင်ပေါ်မှ ဤသို့ သာမောဖွယ် တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း- တင်ထွေး(သတင်းစဉ်)

လက်ဖက်၊ ဆားချိုသီး၊ နဂါးမောက်နှင့် ကျောက်မဲမြို့

နေပြည်တော် ဖေဖော်ဝါရီ ၁၆

လားရှိုးမြို့မှ မန္တလေးသို့ အပြန်ခရီးတွင် လမ်းတစ်လျှောက်ရှိ မြို့နယ်များ၌ ဝင်ရောက်လေ့လာဖြစ်ခဲ့ရာ ကျောက်မဲမြို့လည်း အပါအဝင်ဖြစ်သည်။ မူလစီစဉ်ထားသည့်အတိုင်း ကျောက်မဲမြို့၌ ညအိပ်ရပ်နားဖြစ်ခဲ့ရာ ဒေသနှင့်ပတ်သက်သည်များကို ပိုမို၍ ပြည့်ပြည့်စုံစုံ သိခွင့်ရခဲ့သည်။ သီပေါမြို့ကလေးမှ ညနေ ၅နာရီခန့်တွင် ထွက်ခွာခဲ့ရာ ကျောက်မဲမြို့သို့ မိုးမချုပ်မီ ရောက်ရှိခဲ့လေသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ●

မီးဘေးရှောင် မလောင်ခင်တား ညီနောင်သွေးချင်းများ